မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟယ်လင်းနစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၅

၂၀၀၅ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သည့် ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလိုစ်၊ ပါပူးလီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင် ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် မတ် ၂၄

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့်ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)၊ ပဋိပတ္တိတာဝန်(ဝိပဿနာဓုရ)များကို ထူးချွန် ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမ တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာ ရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများကိုသာမက ပြည်ပရှိထေရဝါဒ ဗုဒ္ဓသာသနာပြုဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် အမိန့် ကြော်ငြာစာအမှတ်(၄၂/၉၁)ဖြင့် ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀ တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့်ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ်လှူဒါန်းခဲ့ရာ ယခုနှစ် ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်

ကျောဖုံးသို့ ✡

အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက် ဝိုင်းဝန်းကာကွယ်

တပ်မတော်အစိုးရလက်ထက်မှာ အမျိုးသား ပြန်လည်စည်းလုံးမှုကို ရခဲ့တာကြောင့် နိုင်ငံတော်ဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတာဖြစ်တယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုဟာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပေါ်မှာ လုံးဝတည်မှီနေကြောင်း ထင်ရှားတဲ့ လက်တွေ့သာဓကဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်အားလုံးမှာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား သွေးချင်းတွေက တိုင်းနဲ့ ပြည်နယ် ၁၄ ခုနဲ့ ဖြစ်တည်နေတဲ့ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြဖို့၊ ဝိုင်းဝန်း ကာကွယ်ကြဖို့ လိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)
သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံ၏ပထဝီအနေအထားအရ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့၏ အရှေ့ဘက်၌တည်ရှိနေပြီး အနောက်တောင်မုတ်သုံလေ၏အကျိုးသက်ရောက်မှုကို ခံစားရသည့် နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း သင့်တင့်မျှတသည့် ရာသီဥတုနှင့် မိုးလေဝသအခြေအနေတို့ ရှိသည်။

မြန်မာနိုင်ငံသည် အစဉ်အလာအရ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားနှင့် ပြည်သူပြည်သားများသည် ရှေးပဝေသဏီကတည်းကပင် ရင်ဆိုင်ကြုံတွေ့နိုင်သည့် မိုးလေဝသ၊ ရာသီဥတုနှင့် သဘာဝအနေအထားတို့ကို ကိုယ်ပိုင်အမှတ်သင်္ကေတများဖြင့် ကြိုတင်ခန့်မှန်း သတိထားပြီး စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

ယင်းကဲ့သို့ အလေးဂရုပြုလုပ်ဆောင်လာသည့်အတွက် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးသော်လည်း အပျက်အစီး၊ အဆုံးအရှုံး နည်းပါးသည်ကိုတွေ့ရသည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့က ဆူမားတြားကျွန်းတောင်ဘက် ပင်လယ်ပြင်၌ အလွန် အင်အားပြင်းသော ငလျင်ကြီးလှုပ်ရှားခဲ့ရာအိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသော နိုင်ငံများစွာ ပျက်စီးဆုံးရှုံးမှု အမြောက်အမြားနှင့် ကြုံတွေ့ခဲ့ရသော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ အပျက်အစီး နည်းပါးသည်ကို တွေ့ခဲ့ရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၂၃ရက်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့် အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

"သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရသည့်အခါ ကြိုတင်ပြင်ဆင် ကာကွယ် သင့်သည်များကို လုပ်ဆောင်နိုင်မှုမရှိပါက ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ကြရခြင်း ဖြစ်ကြောင်း၊ ထိုသို့လူသားများအတွက် ဆုံးရှုံးနစ်နာမှု မများစေရန် ပြောင်းလဲနေသည့် မိုးလေဝသနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်ရန် အထူးလိုအပ်ကြောင်း"

ပြောကြားသွားသည်။

ကမ္ဘာပေါ်ရှိ သဘာဝသယံဇာတများကို လူတို့အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲခဲ့ကြသည့် အတွက် သစ်တောသယံဇာတများဆုံးရှုံးပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်ကာ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာရသည်။ ထို့ကြောင့် သဘာဝကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အလေးထား လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို စဉ်ဆက်မပြတ် အလေးထားပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်ဧရိယာ၏ ထက်ဝက်ကျော်တွင် သစ်တောနှင့် သစ်တောမြေများ ဖုံးလွှမ်းနေသည့်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူအားလုံးက သဘာဝပျက်စီးယိုယွင်းမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးမှုတို့ကို ပိုမိုအာရုံစိုက် အလေးထားလာရေးအတွက် တာဝန်ရှိသူအားလုံး၏ စေတနာရှိရှိ ပူးပေါင်းလက်တွဲဆောင်ရွက်မှုနှင့် ပြည်သူများ၏ အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံတွင် သဘာဝပျက်ယွင်းမှု၊ သဘာဝဘေးအန္တရာယ် ခံစားရမှုများသည် အခြားနိုင်ငံများနှင့် နှိုင်းဆလျှင် အလွန်လျော့ပါးသည်ကို တွေ့ရမည်ဖြစ်ပေသည်။

အထူးသဖြင့် သိပ္ပံနှင့်နည်းပညာ လျင်မြန်စွာပြောင်းလဲ တိုးတက်နေသည့်ကာလတွင် သဘာဝ၏ ဖြစ်ပျက် ပြောင်းလဲနေသော အခြေအနေများကို လေ့လာဖော်ထုတ်ပြီး သဘာဝပတ်ဝန်းကျင် မပျက်စီး မဆုံးရှုံးစေရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် အလေးထားလုပ်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ရာသီဥတုမှန်ကန်စေရန်အတွက် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရန် တာဝန်ရှိသူအားလုံးက တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ နိုးကြားတက်ကြွစွာဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်ဒိုနီးရှားသို့ စင်ကာပူတိုက်ဂါးအဲဝေးလေကြောင်းလိုင်း တိုးချဲ့ပျံသန်းမည်

စင်ကာပူ မတ် ၂၂

အင်ဒိုနီးရှားနိုင်ငံ ပါဒန်မြို့သို့ မေလမှစပြီး လေကြောင်းစတင်ပျံသန်းမည်ဖြစ်ကြောင်း၊ ဂျကာတာနှင့် မီဒန်တွင် လေယာဉ်ဆင်းသက်ခွင့် ရရန် လျှောက်ထားတောင်းခံထားကြောင်း စင်ကာပူတိုက်ဂါးအဲဝေးလေကြောင်းလိုင်းက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ရောင်းချမည်

ပါဒန်သို့ပျံသန်းမည့် လေယာဉ်လက်မှတ်များကို အင်္ဂါနေ့၌ရောင်းချမည်ဖြစ်ပြီး ခရီးစဉ်တစ်ခု၏လေယာဉ်လက်မှတ်ခမှာ စင်ကာပူဒေါ်လာ ၄၃သမ၉၈ ဒေါ်လာ (အမေရိကန်ဒေါ်လာ ၃၁သမ၀၅)ဖြစ်ကြောင်း လေကြောင်းလိုင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အခြေစိုက်

မိမိတို့၌ အစွမ်းအစရှိကြောင်း၊ လေယာဉ်များလည်းရှိကြောင်း၊ မိမိတို့လေကြောင်းဖြင့် ခရီးသွားလာဖူးသည့် လေယာဉ်စီးခရီးသည်များရှိကြောင်း၊ လေယာဉ်ခအနိမ့်ဆုံးဖြစ်မည်ဖြစ်ကြောင်း တိုက်ဂါးအဲဝေးလေကြောင်းလိုင်း အမှုဆောင်ချုပ် တိုနီဒေးဗစ်က ပြောကြားသည်။ ဗာလူအဲဝေး၊ တိုက်ဂါးအဲဝေးနှင့် ဂျက်စတားအေးရှလေကြောင်းလိုင်းများသည် စင်ကာပူ၌အခြေစိုက်ထားကြသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၇၀၀၀ခန့်က ရှေးခေတ်လက်နက်များ ယူအေအီးနိုင်ငံ၌ တွေ့ရှိ

အဘူဒါဘီ မတ် ၂၂

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)တွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ခန့်က တည်ရှိခဲ့သော ကျောက်ခေတ်နှောင်းပိုင်းကာလ၌ အသုံးပြုခဲ့သည့်ရှေးခေတ်လက်နက်များကို သုတေသန ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟုဂေါ့ဖ်နယူးစ်နေ့စဉ်ထုတ်သတင်းစာတွင် တနင်္လာနေ့က ဖော်ပြထားသည်။

ရှေးဟောင်း အဆောက်အအုံငယ်များတွင် အဆိုပါ ရှေးခေတ်လက်နက်ကိရိယာများ အပါအဝင်အရေးကြီးသောပစ္စည်းတစ်ဒါဇင်ခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြရသည်ဟု အဘူဒါဘီကျွန်းများ၏ သုတေသနဆိုင်ရာ ကွင်းဆင်းလေ့လာရေး(အေဒီအိုင်အေအက်စ်)ဌာန၏ အုပ်ချုပ်ရေးညွှန်ကြားရေးမှူး ပီတာဟေလာက ပြောကြားသည်ဟု သတင်းစာ၌ ဖော်ပြထားသည်။

ထပ်မံပြောကြား

ယင်းရှေးဟောင်း လက်နက်ကိရိယာများသည် လွန်ခဲ့သည့် နှစ်ပေါင်း၇၀၀၀ခန့်က အဘူဒါဘီမြို့ရှိ အယ်အန်ဒေသအနီးတွင် နေထိုင်ခဲ့ကြသော လူသားများအသုံးပြုခဲ့ကြသည့် လက်နက်များဖြစ်ကြောင်း ပီတာဟေလာက ထပ်မံပြောကြားသည်။

အဘူဒါဘီသဲကန္တာရတွင် အမည် မသိ၊ အဆောက်အအုံများ၏ တည်ဆောက်ခဲ့မှုနှစ်ကာလကို အဆိုပါ ရှေးခေတ် လက်နက်ကိရိယာများက ခွဲခြား ဆန်းစစ်နိုင်မည်ဖြစ်ပြီး သမိုင်း ခေတ်ဦးကာလ၏ အရေးကြီးသော အချက်အလက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆူနာမီကြောင့် ထိခိုက်ခဲ့ရသည့် ငါးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးချေးငွေ ထောက်ပံ့ပေးမည်

ဗန်ကောက် မတ် ၂၂

ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ဆူနာမီဒဏ်ခံစားခဲ့ရသည့် ငါးဖမ်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ချေးငွေထောက်ပံ့ရန် အာရှလယ်ယာစိုက်ပျိုးရေးဘဏ်များက တနင်္လာနေ့တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထုတ်ပြန်

အဆိုပါပူးတွဲအစီရင်ခံစာကို အာရှပစိဖိတ်ကျေးလက်နှင့် စိုက်ပျိုးရေးဆိုင်ရာ ချေးငွေအဖွဲ့အစည်း(အေပီအာရ်အေစီအေ)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)တို့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသုံးပြုရန်

ယင်းကဲ့သို့ ချေးငွေအထောက်အပံ့ကို ဆူနာမီဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ငါးဖမ်းလုပ်ငန်းများနှင့် ပင်လယ်ပြင်ဆိုင်ရာ စီမံခန့်ခွဲမှုများကို လုပ်ဆောင်နိုင်ရေးအတွက် အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

ချမှတ်

ထိုသို့ ချေးငွေထောက်ပံ့မှုများကို စိုက်ပျိုးရေးဘဏ်များမှ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ပြီးခဲ့သောသီတင်းပတ်က တွေ့ဆုံဆွေးနွေးစဉ်အတွင်း ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်ဆိုင်ရာ လုပ်ငန်းများတွင် နှစ်ရှည်ပြန်လည်ထူထောင်ရေးအတွက် အစီအစဉ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆရာ ဒကာ လက်တွဲညီညာ ချီးမြှောက်မှုသုံးဖြာဖြင့် ဗုဒ္ဓသာသနာတော်ကြီးအား ချီးမြှောက်သွားလျှင် သာသနာတော်မြတ်ကြီး အနှစ်ငါးထောင်မက တည်တံ့နိုင်

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ပူဇော်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘဏ မဟာထေရ်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ ဩဝါဒကထာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သာသနာရေးဝန်ကြီးဌာနက ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်တွင်းပြည်ပမှ ဘွဲ့တံဆိပ်တော် အပူဇော်ခံကြွရောက်ကြသည့် ဆရာတော်သံဃာတော် အရှင်သူမြတ်အပေါင်းတို့အား အခမ်းအနားတွင် ယခုကဲ့သို့ စုံညီစွာတွေ့ဆုံရပြီး သမ္မောဒနီယ ဩဝါဒကထာ ပြောကြားခွင့်ရသည့်အတွက် တပည့်တော်အနေနှင့် ကြည်လင်ရွှင်လန်း ဝမ်းမြောက်မှုဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားလိုပါသည် ဘုရား။

ဤယနေ့ကျင်းပသော ဂုဏဝိသိဋ္ဌပူဇာသဘင်ကြီးတွင် ဓမ္မာနုဂ္ဂဟ၊ အာမိသာနုဂ္ဂဟ၊ သာသနာနုဂ္ဂဟ တည်းဟူသော ချီးမြှောက်မှု အနုဂ္ဂဟသုံးဖြာကို စုံလင်စွာ တွေ့ရပါသည်။ ဘွဲ့တံဆိပ်တော်ခံယူကြမည့် သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများသည် ပရိယတ္တိတရား၊ ပဋိပတ္တိတရားတော်များ ပြန့်ပွားအောင် ပို့ချသင်ပြ နည်းလမ်းပေးခြင်းဆိုတဲ့ **ဓမ္မာနုဂ္ဂဟ** ဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးကို ချီးမြှောက်ကြပါသည်။ ဘွဲ့ခံဥပါသကာ၊ ဥပါသိကာမ အမျိုးသား၊ အမျိုးသမီးတို့က သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ဆေး ဟူသော ပစ္စည်းလေးပါးတို့ကို စွမ်းစွမ်းတမံ ထူးထူးချွန်ချွန် လှူဒါန်းထောက်ပံ့ခြင်းဆိုတဲ့ **အာမိသာနုဂ္ဂဟ** ဖြင့် သာသနာတော်ကို ချီးမြှောက်ကြပါသည်။ ယင်းသို့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ ဓမ္မာနုဂ္ဂဟ+အာမိသာနုဂ္ဂဟ တို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှောက်ကြသော သံဃာတော်အရှင်မြတ်များ၊ သီလရှင်ဆရာကြီးများနှင့် ဥပါသကာ ဥပါသိကာမ၊အမျိုးသား အမျိုးသမီးတို့အား နိုင်ငံတော်အစိုးရက ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များနည်းတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်အပ်နှင်းခြင်း **သာသနာနုဂ္ဂဟ** ဖြင့် အသိအမှတ်ပြု ချီးမြှောက်ကြခြင်းဖြစ်ပေသည်။ ဤကဲ့သို့ ချီးမြှောက်မှုသုံးဖြာ စုံလင်ကြသဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့ မြဲမြဲခိုင်မာလျက် ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရှိနိုင်မည်မှာ ဧကန်ဖြစ်ပါသည်။

ထို့အပြင် မြတ်စွာဘုရားက သာသနာတော်မြတ်ကြီး အတိုင်းထက်အလွန် ကြီးပွားတိုးတက်ရေးနှင့် ပတ်သက်၍ ဝိနည်းပါဠိတော်တွင်–

"ဧဝံ သံဝဍ္ဍါ ဟိ တဿ ဘဂဝတော ပရိသာ၊ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန"ဟူ၍ လမ်းညွှန်ဟောကြားတော်မူခဲ့ပါသည်ဘုရား။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွင်း မှီခိုနေထိုင်ကြသော သံဃာတော် အရှင်မြတ်တို့သည် **"အညမညဝစနေန"**ဟူသော ပါဠိတော်စကားအတိုင်း တစ်ပါးကိုတစ်ပါး မေတ္တာထားလျက် ဆိုဆုံးမခြင်း၊ ပြောလွယ်ဆိုလွယ် နာယူလွယ်ခြင်း၊ လိုက်နာကျင့်သုံးခြင်း ရှိကြပါမှ ကြီးပွားတိုးတက်မည်ဖြစ်ပါသည် ဘုရား။ **"အညမညဝုဋ္ဌာပနေန"**ဟူသော ပါဠိတော်စကားအတိုင်း ပုထုဇဉ်ဖြစ်ကြသည့်အားလျော်စွာ အပြစ်ကျူးလွန်မိက တစ်ပါးက တစ်ပါး၏အပြစ်ကို စင်ကြယ်စေလိုမှုရှိကြပါမှ ကြီးပွားတိုးတက်မည်ဖြစ်ပါသည်ဘုရား။ တစ်ပါးနှင့် တစ်ပါး မိမိတို့၌ရှိသောအပြစ်ကို စင်ကြယ်သန့်ရှင်းအောင်မပြုနိုင်လျှင် သီလ၊ သမာဓိ၊ ပညာ စသော တရားတို့ တိုးပွားကြမည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ ကျေးရွာ၊ ရပ်ကွက် သံဃာ့အဖွဲ့အစည်းများ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း သံဃာ့အဖွဲ့အစည်းဝင် သံဃာများမှ အစပြု၍ နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းများအထိ သံဃာအားလုံးတို့သည် တစ်ပါးနှင့်တစ်ပါး မေတ္တာပွားများ တရားလက်ကိုင်ထားကြလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ မျှညီကြရန် လိုအပ်လှပါသည်ဘုရား။ သို့မှသာ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ကြီးပွားအောင် ဆောင်ရွက်နိုင်ကြကာ အတိုင်းထက်အလွန် ကြီးပွားတိုးတက်လာမည်ဖြစ်ပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမအောက်တွင် သံဃာတော်အရှင်မြတ်တို့ မေတ္တာကိုယ်စီဖြင့် ညီညွတ်တော်မူကြကုန်မှလည်း သံဃာတော်အရှင်မြတ်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလျက်ရှိကြသော ပြည်သူပြည်သား ဒါယကာ ဒါယိကာမတို့အား ပစ္စုပ္ပန် သံသရာ နှစ်ဖြာကြီးပွားကောင်းစားရေးကို လမ်းညွှန်ပေးနိုင်ကြမည်ဖြစ်ပါသည်။ ဆရာတော် သံဃာတော်များက ဆုံးမလမ်းညွှန်သည့်အတိုင်း ဥပါသကာ ဥပါသိကာမ၊ ဒါယကာ ဒါယိကာမများက လိုက်နာကျင့်သုံးကြလျက် ဤသို့ ဆရာ ဒကာ လက်တွဲညီညာ ချီးမြှောက်မှုသုံးဖြာဖြင့် ဗုဒ္ဓသာသနာတော်ကြီးအား ချီးမြှောက်သွားကြပါလျှင် သာသနာတော်မြတ်ကြီးသည် အနှစ်ငါးထောင်မက ကြာအောင် တည်တံ့နိုင်ပြီး ယင်းသို့ သာသနာတော်ကြီး ရှည်ကြာစွာ တည်တံ့ခြင်းအားဖြင့် ဝေနေယျများစွာ သတ္တဝါအပေါင်းတို့ လောကီ လောကုတ္တရာ စီးပွားချမ်းသာ အကျိုးထူးတရားများ အစဉ်ထာဝရ ပြည့်စုံဖြစ်ထွန်းနေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သံဃာတော်အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရ ပြည်သူ ပြည်သားအားလုံးတို့သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ချီးမြှောက်မှုသုံးဖြာဖြင့် ဆတက်ထမ်းပိုးတိုး၍ ချီးမြှောက်နိုင်ကြပါစေ၊ သာသနာတော်ကို ချီးမြှောက်ရခြင်း၏ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာအဖြာဖြာတို့ ရရှိနိုင်ကြပါစေ၊ လောကနှင့် သာသနာ နှစ်ဖြာနှစ်ဝ စည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းပတ္ထနာပြုရင်း **"သမ္မောဒနီယ ဩဝါဒကထာ"** စကားကို နိဂုံးချုပ်အပ်ပါသည် သံဃာတော်အရှင်သူမြတ်များနှင့်တကွ ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၅

၂၀၀၅ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သည့် ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပေးထရို့စ်၊ဂျီ၊ မိုလီဗီယာတစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ကျော်ဖုံးမှ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်အပ်နှင်းပွဲ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများနှင့် ရုံးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဈေးမိ ဈေးဖများ၊ ဆွမ်းကွမ်းအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အလှူတော်ခံယူကြမည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

သီလရှင်ဆရာကြီးများ၏ တပည့် ဒါယကာ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားမစတင်မီ နံနက် ၁၁ နာရီမှစတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများ၊ ဓမ္မတေးများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေညှော်ခံသည်။

ထို့နောက် နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊

စာမျက်နှာ ၄ ကော်လံ ၁

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်တွင်၌ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)ထံမှ ဩဝါဒကထာ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး နားနေစခန်းသို့ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ဆရာတော်ကြီးများပင့်ဆောင်

ဆက်လက်၍ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက် ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ကွမ်းတောင်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးညွန့်မောင်က **'နိုင်ငံတော် သံဃမဟာနာယက'**ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့နောက်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်းက **'တိပိဋကဓရ တိပိဋကကောဝိဒ'**ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ယင်းနောက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရွှေက **'အဘိဓဇ မဟာရဋ္ဌဂုရု'** ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

၎င်းနောက်မှ ညွှန်ကြားရေးမှူး ဦးခိုင်အောင်က **'အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက'** ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်အလှူတော်ခံယူမည့် ဆရာတော်ကြီး ခြောက်ပါးတို့အားလည်းကောင်း၊ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက**'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက'** ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် အလှူတော်ခံယူမည့် ဆရာတော်နှစ်ပါးတို့အားလည်းကောင်း အသီးသီးပင့်ဆောင်လာကြပြီး ဌာနမှူး ဦးရဲငွေက ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

ထိုကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော် ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဖွင့် သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ်များကလည်း ဆရာတော်ကြီးများအား ရိုသေသမှုဖြင့် လက်အုပ်ချီလျက်ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေး ဦးစီးဌာန ရန်ကုန်တိုင်း သာသနာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့်ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဧည့်ပရိသတ်များက 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်သည်။

ထို့နောက်မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မအိအိချွန်နှင့် မသီတာမိုးတို့က မြန်မာ့ရိုးရာ စောင်းနှင့် တွဲဖက်ကာ **'ထူးမခြားနား'** သီချင်းခန့်ကို သီဆိုပူဇော်ကြသည်။ သီဆိုပူဇော်မှုအပြီးတွင် မဟာပါသာဏလိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်တည်း ကိုးကြိမ်ထိုးခတ် ပူဇော်ကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စဉ်လာမပျက် ဆက်ကပ်လှူဒါန်းခြင်းဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက် (၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်) လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၅)ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

စည်ကားသိုက်မြိုက်

ယင်းအမိန့်ကြော်ငြာစာအရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် ဤမဟာမင်္ဂလာ အခမ်းအနားကြီးကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

ယခု ၂၀၀၅ ခုနှစ်တွင် သံဃာတော်အရှင်မြတ် ၃၀၇ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သီလရှင် ဆရာကြီး ၁၆ ပါးနှင့် လူပုဂ္ဂိုလ် အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၂၆ ဦးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းမည်ဖြစ်ကြောင်း။

ယခုအခါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကောင်းမြတ်သည့် အချိန်အခါ ဆိုက်ရောက်ပြီဖြစ်ပါသောကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီး ဖွင့်လှစ်ပြီဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသည့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏအရှင်သူမြတ်က သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

(ဆရာတော်ကြီး၏ သမ္မောဒနီယ ဩဝါဒကထာကို စာမျက်နှာ(၃)၌ ဖော်ပြထားပါသည်။)

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး ဖြစ်တော်မူကြသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့မဟာဇောတိကာရာမ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆောင်အယောင်ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးဖြစ်တော်မူကြသော စစ်ကိုင်းတိုင်း ကလေးမြို့နယ် တိုမာကျေးရွာ ကောသလ္လာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း ရှမ်းစုရပ် သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနှစ်ပါးဖြစ်တော်မူကြသော ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက် မြန်မာကန္ဒီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနသာဂရနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတိုက် အသောကကျောင်း ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မန္တလေးတိုင်း တံတားဦးမြို့နယ် အင်းဝမြို့ ဟံသာဝတီကျေးရွာ မဲထီးတိုက်ဆရာတော် ဘဒ္ဒန္တသုဘောဂ၊ ရှမ်းပြည်နယ် လွိုင်လင်မြို့ ပိဋကတ်ရှမ်းဘာသာပြန် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏသမ္ဘာရ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပရိယတ္တိသာသနာ့မာန်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစက္ကနှင့် တနင်္သာရီတိုင်း ကော့သောင်းမြို့ ထားဝယ်ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် ညောင်ရွှေမြို့ သာသနာ့ ဝိပုလရွှေဂူ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသနှင့် အမေရိကန်နိုင်ငံ ဓမ္မဝိဟာရကျောင်းဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသတို့အားလည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပုလဲ ရတနာလမ်း နိကာယ်စာသင်တိုက်မှ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း ဝေါမြို့နယ် ဘိုးဦးစိန်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မန္တလေးတိုင်း မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ(နဂါးရုံ)ကျောင်းတိုက် မှ ဆရာတော် ဘဒ္ဒန္တဣန္ဒက၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသူရိယ၊ မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်မှ ဆရာတော် ဘဒ္ဒန္တအဂ္ဂိသရိယာဘိဝံသ၊ မကွေးတိုင်း ဂန့်ဂေါမြို့ မြို့မစာသင်တိုက်မှ ဘဒ္ဒန္တဝိသုဒ္ဓ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တနာဂိန္ဒာဘိဝံသတို့အား လည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော စစ်ကိုင်းတိုင်းမုံရွာမြို့နယ် မအူကျေးရွာအုပ်စု ရွှေခုံကျေးရွာမှန်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ၊ ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် မဲဇလီကျေးရွာတိုက်သစ် ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာဝရ၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အောင်သာကျေးရွာ အောင်မြေရွှေသာကျောင်းမှ ဆရာတော် ဘဒ္ဒန္တဇနိန္ဒ၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ကျေးရွာ ပညာဇောတာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ရတနာသင်္ချိုင်းကျောင်းမှ ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ven. Rajgura Aggravamsa Mahathero တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဖက်ပင်အိုင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကောသလာဘိဝံသ၊ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ မြန်မာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တကေသဝ၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မဟာပညာ သီဟာရာမစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မပိယနှင့် ပဲခူးတိုင်း ပဲခူးမြို့ သုခကာရီမွန်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကောသလ္လတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ပဲခူးတိုင်း (အနောက်ပိုင်း) သဲကုန်းမြို့နယ်ဆင်မြီးဆွဲမြို့ ကွေ့တက်ကျေးရွာအုပ်စု ကိုယ်ကြီးမြှုပ်ကျေးရွာ ကိုယ်ကြီးမြှုပ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ဂဏမဟာဝိဟာရကျောင်းမှ ဆရာတော် ဘဒ္ဒန္တသုဇာတဝါနန္ဒ၊ ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကွင်းလျားရှည်ကျေးရွာ ကွင်းလျားရှည်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မကွေးတိုင်း ရေစကြိုမြို့နယ် ဆင်ခြေရွာကျေးရွာကျောင်းမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုမာရ၊မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း ရတနာဘုမ္မိတိုက်မှ ဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် နောက်ပကျစ်ရပ်ကွက် သာသနာ့မဏ္ဍိုင် ဂန္ဓမာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းကအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသီရိန္ဒ၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပတ္တမြားကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တကုမာရ၊ ဧရာဝတီတိုင်း ပုသိမ်မြို့ ရတနာအုတ်ကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တနန္ဒမာလာနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရမကွေးတိုင်း ပခုက္ကူမြို့နယ် ဖလံအိုကျေးရွာ အုပ်စု ဆယ်ပင်စုကျေးရွာဆယ်ပင်စုကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တကေလာသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်ကြသည့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရွာဘဲရပ်ကွက် သာဝတ္ထိတောရကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝိလာသ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ သလ္လာရပ်ကွက် ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော်ဘဒ္ဒန္တဇနိတ၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းမှ ဆရာတော်ဘဒ္ဒန္တဣန္ဒကာဇီဝ၊ ရှမ်းပြည်နယ် ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု မြင်းကရွာ မြင်းကကျောင်းမှ ဆရာတော် ဘဒ္ဒန္တသူရိယ၊ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ ကန်သာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကေလာသနှင့်ပဲခူးတိုင်း တောင်ငူမြို့ အမှတ်(၃)ရပ်ကွက် ဓမ္မာစရိယ တက္ကသိုလ်စာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တခန္တီသာရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ပဲခူးတိုင်း ပဲခူးမြို့ တွင်းကြီးရပ်ကွက် ဝေဇယန္တ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုသလ၊ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်အင်တိုင်းကျေးရွာအုပ်စု ထန့်ဇင်တော်ကျေးရွာ ရွှေတင်းခြင်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တအာစာရ၊ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဓမ္မသီတဂူ အေးရွာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဝိသုတ၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၂) ရပ်ကွက် နတ်မောက်ဝိဇ္ဇာသိပ္ပံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော်ဘဒ္ဒန္တဇဝနသိဒ္ဓိ၊ တနင်္သာရီတိုင်း လောင်းလုံမြို့နယ် ကဒက်ငယ်ထိန်ရွာ နာရဒါရာမတိုက်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တနာရဒနှင့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကြီးတောရွာ သာသနပါလ သာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော် ဘဒ္ဒန္တပညာစက္ကတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်အား ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြောင့် သူတော်ကောင်းဓာတ်တရားတော်မြတ်များ ထွန်းတောက်ပွားများလျက်ရှိသော နိုင်ငံအဖြစ် ကမ္ဘာ့အလယ် ပေါ်လွင်ထင်ရှားစေခဲ့

စာမျက်နှာ ၅ မှ

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများဖြစ်တော်မူကြသော ရခိုင်ပြည်နယ် သံတွဲမြို့နယ် မြပြင်ကျေးရွာ မြရတနာကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဝိမလ၊ မကွေးတိုင်း ကံမမြို့နယ် ကင်းကျေးရွာ ကင်းရွာကျောင်းမှ ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတိလောက၊ မွန်ပြည်နယ်ချောင်းဆုံမြို့နယ် ကဒါကျေးရွာ ခေမာသီဝံကျောင်းမှ ဆရာတော်ဘဒ္ဒန္တယသ၊ ဧရာဝတီတိုင်း မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သိုက်ကုန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဉာဏဒီပနှင့် ထိုင်းနိုင်ငံ မဲဟောင်ဆွန်ခရိုင် မဲစရိယန်မြို့ မန္တလေးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဉာဏိကတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသည့် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိကျောင်းမှ ဆရာတော် ဘဒ္ဒန္တကိတ္တိ၊ သီရိလင်္ကာနိုင်ငံ Asgirimaha Viharahaya Udugama Pansala ကျောင်းတိုက်မှ ဆရာတော် Ven. Wanduragala Sri Rathnojothi Nayaka Thero၊ ကချင်ပြည်နယ် မန်စီမြို့နယ် မောရဝတီရပ်ကွက် မြို့မကျောင်းမှ ဆရာတော် ဘဒ္ဒန္တဓမ္မိက၊ မန္တလေးတိုင်း မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ကျောက်တံခါး တောရကျောင်းတိုက် အောင်ရတနာကျောင်းမှ ဆရာတော် ဘဒ္ဒန္တ မေဓာဝီလင်္ကာရ၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ချောင်းဖျားကြီးကျေးရွာ ချောင်းဖျားကြီး ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ကောဝိဒနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ Phonphranao Templeမှ ဆရာတော် Ven. Charum Vaciraransyတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသည့် ပဲခူးတိုင်း ရေတာရှည်မြို့နယ် ငါးကြီးကွေ့ကျေးရွာ ငါးကြီးကွေ့ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝိလာသ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ ထူပါရာမကျောင်းတိုက် (ဇာသပြင်အနောက်)မှ ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတိက၊ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဝမ်းချောင်းကျေးရွာအုပ်စု နားထွမ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်မှ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် လက်ပံရှည်အုပ်စု ရွှေရောင်တော် ဘုရားကြီးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တဉာဏနှင့် ပဲခူးတိုင်း (အနောက်ပိုင်း)မင်းလှမြို့နယ် သာယာကုန်းကျေးရွာ သုံးထပ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်တော်မူကြသည့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း မြသိန်းတန်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုန္တက၊ ဧရာဝတီတိုင်း ပုသိမ်မြို့ (၂)ရပ်ကွက် နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝိသုတ၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ညာဂမိုးအုပ်စု ကုန်းသာကျေးရွာ ကုန်းသာဦးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောဘိတ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘိုကုန်းဇေယျသိဒ္ဓိမဟာသိပ္ပံသာရ ဘုရားကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုမာရနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ (၁)ရပ်ကွက် ရန်အောင်မြင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ဗုဒ္ဓနာဂရီရပ်ကွက် မြန်မာကျောင်းမှ ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ (၃)ရပ်ကွက် ဟိုခုံ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တဇောတိက၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းရွာ ဝိဝေကာဝါသကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတိက္ခ၊ ဧရာဝတီတိုင်း ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် စိန်ပန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်တောင်ရွာ ဓမ္မိကပုပ္ဖာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် ပဲခူးတိုင်း တောင်ငူမြို့ အမှတ် (၂)ရပ်ကွက် ရတနာဂုဏ်မြင့်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား လည်းကောင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးနှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်တင်အောင်ကျော်က အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါး တို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အားလည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးနှင့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဥာဏ်ထွန်းအောင်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါးတို့အား လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အားလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါး တို့အားလည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ ဆေး ဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်က မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၇ သို့

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်အား ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်အား ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီးဒေါ်သန်းသန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့နွယ်ဝင် သီလရှင်အား ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်က မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေးက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်သုံးပါးနှင့်ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

မှူးချုပ် ဦးထင်မျိုးက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်ဆရာကြီးများအားဆက်ကပ်

ဆက်လက်၍ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်းရှားပင်တိုက်သစ် သီလရှင် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဉာဏီသရီ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း တပ်ကုန်းမြို့ သိင်္ဂီရတနာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာသိင်္ဂီ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သုဝဏ္ဏဘူမိခေမာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုသလစာရီနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာဝတီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် သီလရှင်ဆရာကြီးများဖြစ်ကြသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သမိဒ္ဓေါဒယချောင်ဖွားဘုရားကြီးတိုက်မှသီလရှင်ဆရာကြီး ဒေါ်ဓမ္မေသီ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့ရပ်ကွက် ပညာရာမသီလရှင်စာသင်တိုက်မှ ဒေါ်စန္ဒာဝတီ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီဓမ္မေသက သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်တိက္ခဝတီနှင့် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရွာဘဲရပ်ကွက် နိဗ္ဗိန္ဒတောင် တောရကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပုညဝတီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ရတနာမဥ္ဇူ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီ၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် သီလရှင်ဆရာကြီးများဖြစ်ကြသော ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သုံးပန်လှအောင်သော်တာ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်နန္ဒသိင်္ဂီ၊ ချင်းပြည်နယ် ဟားခါးမြို့ ပြည်တော်သာရပ်ကွက် သုခိတာရုံ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကညာဝတီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် သာသနောဒယ ကျောင်းတိုက်မှ သီလရှင်ကြီး ဒေါ်ပုညကာရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ရတနာပုံစံ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုစိန္တီ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နန္ဒဝင်းကုန်းရပ်ကွက် သာသနာ့ဂုဏ်ရည်သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၁)ရပ်ကွက် ဝိသာခါသီလရှင်သင်အမျိုးသမီးပညာရေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ကိဿရထေရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

လူပုဂ္ဂိုလ်များအားအပ်နှင်း

ယင်းနောက် လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် သာသနာပြုဘွဲ့တံဆိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

အပ်နှင်းသည့်အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ် ၆၆ လမ်း x ၂၆ လမ်းထောင့် အမှတ်(၄၁)နေ ဦးသိန်းမောင်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၄)ရပ်ကွက် ၁၉ လမ်း (အပေါ်လမ်း) အမှတ်(၁၅၄) နေ ဦးသိန်းဝင်း၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် သံလွင်လမ်း အမှတ်(၁၃၅/အယ်လ်)နေ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် ကင်းဝန် (၄)လမ်း အမှတ်(၁၅၂၆)နေ ဦးစိန်လှဝင်း(ခ)ဦးလှဝင်းနှင့်ရှမ်းပြည်နယ် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (ည/၁၂၈) နေ ဦးစိုးထွန်းရှင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ***စာမျက်နှာ ၁၀ သို့***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

မြန်မာ့တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာသော၊ တိုင်းရင်းသားညီအစ်ကိုများနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သည် မိဘပြည်သူတို့အတွက် လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ နှစ်ပေါင်းများစွာ ကျရောက်ခဲ့သော သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ တပ်မတော်သည် အရင်းအနှီးများစွာ ပေးခဲ့ရသည်။ လွတ်လပ်ရေး၏ တန်ဖိုးကား ကြီးမားလှပေသည်။

မြန်မာ့တပ်မတော်သည် တန်ဖိုးကြီးမားလှသော မြန်မာ့လွတ်လပ်ရေးကို မည်သို့သော အကြောင်းနှင့်မျှ ပြန်လည်အဆုံးရှုံးခံမည်မဟုတ်ချေ။ လွတ်လပ်ရေးအတွက် အသက်ပေး၍ ဆက်လက်တိုက်ပွဲဝင်သွားမည်သာဖြစ်သည်။ ၎င်းကို မြန်မာ့တပ်မတော်က သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် ထာဝရခံယူထားပြီးဖြစ်သည်။

သမိုင်းစဉ်ဆက် စစ်ရေးစွမ်းရည်၊ ဇာတိသွေး၊ ဇာတိမာန်၊ သတ္တိဗျတ္တိ အရာ၌ တောက်ပြောင်သော မြန်မာ့တပ်မတော်သည် ခေတ်မီလက်နက်အရာတွင် အားနည်းခဲ့သဖြင့် နယ်ချဲ့စစ်တပ်များကို အပြီးတိုင် တွန်းလှန်ခြင်းမပြုနိုင်ဘဲ လွတ်လပ်ရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ဤသည်မှာ သမိုင်းကပေးသော သင်ခန်းစာ ဖြစ်ပေသည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်စလုံး(၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅) တွင် တိုင်းရင်းသားမြန်မာမျိုးချစ်များ၏ တောင်ပေါ် မြေပြန့်နိုင်ငံအနှံ့၌ နယ်ချဲ့များကို ခုခံတိုက်ခိုက်ခဲ့သော သူ့ကျွန်မခံ စိတ်ဓာတ်ကား ကမ္ဘာ့သမိုင်းတွင် မော်ကွန်းတင်နိုင်ခဲ့သည်။

သူ့ကျွန်မခံလိုသော မျိုးချစ်များ၏ ခုခံရေးစစ်ပွဲများကို ဆိုခဲ့သည့်အတိုင်း ၁၈၂၄ခုနှစ်မှ ၁၉၀၀ ပြည့်လွန်နှစ်များအထိ ဆင်နွှဲခဲ့ကြသည်။ နယ်ချဲ့သမားက အိန္ဒိယရှိ အင်္ဂလိပ်ဘုရင်ခံထံ စစ်ကူ သောင်းချီတောင်းပြီး မြန်မာတို့၏ ခုခံရေးစစ်ပွဲများကို အင်အားသုံးကာ နှိမ်နင်းခဲ့ရသည်။ တိုင်းရင်းသားမျိုးချစ်များသည် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ အာရှလူငယ်အစည်းအရုံး၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေး တပ်မတော် စသည့် အဖွဲ့အစည်းများတွင် စုစည်းညီညွတ်စွာ ပါဝင်ခဲ့ကြသည်။

နယ်ချဲ့ကို နိုင်ငံရေးနည်းဖြင့် တိုက်ရုံမက၊ တပ်မတော်တစ်ရပ်ဖွဲ့စည်းထူထောင်ပြီး တွန်းလှန်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နယ်ချဲ့လက်မှ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိလာပြီးနောက် နယ်ချဲ့သွေးခွဲမှု၊ သပ်လျှိုမှုတို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး ထိပါးခံရသည်။ **ရရှိပြီးလွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး အခြေအနေဆိုက်ခဲ့ရသော အကြိမ်တိုင်းတွင် တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်လက်တွဲပြီး ကာကွယ်ခဲ့ရသည်။ အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးခဲ့ရသော အစဉ်အလာကလည်း ကြီးမားလှသည်။**

လွတ်လပ်ရေးပေးရခါနီး အင်္ဂလိပ်တို့က မြန်မာ့တပ်မတော်ကို ကန္ဒီတွင် လက်ျာဖရီးမင်းစာချုပ်၌ လက်မှတ်ရေးထိုးစေလျက် အင်အားအလွန်အမင်းလျှော့ချစေခဲ့သည်။ တပ်မတော်အင်အားချည့်နဲ့စေပြီးမှ သွေးခွဲ၊ သွေးထိုး၊ ဘေးတီးမှုများဖြင့် ပြည်တွင်းသောင်းကျန်းမှုကို ဗြိတိသျှနယ်ချဲ့တို့က ဖန်တီးခဲ့သည်။ သို့သော် တပ်မတော်သည် ရှိသည့်အင်အားဖြင့်ပင် ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ လွတ်လပ်ရေးပြန်လည်မဆုံးရှုံးရအောင် တိုက်ခိုက်ခဲ့ရ၊ ကာကွယ်ခဲ့ရသည်။

ကမ္ဘာ့နိုင်ငံများတွင်လည်း တပ်မတော်များရှိကြသည်။ တပ်မတော်၏ အဓိကတာဝန်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ လွတ်လပ်ရေးကို ကာကွယ်ရန်ဖြစ်သည်။ အချို့က သူတစ်ပါးနိုင်ငံအား ကျူးကျော်တိုက်ခိုက် နယ်ချဲ့ရန် တပ်များဖွဲ့ထား၏။ ဤကား နယ်ချဲ့စစ်တပ်ပင် ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လောဘ၊ မောဟကြီးမားခြင်း၊ အတ္တလွန်ကဲခြင်းဖြစ်သည်။ ဝိသမလောဘလွန်သွားခြင်းဖြစ်သည်။

အချို့က ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်စုတစ်ဖွဲ့ တစ်ပါတီအတွက် လက်နက်ကိုင်တပ်များဖွဲ့စည်း အသုံးချကြသည်။ ယင်းလက်နက်ကိုင်တပ်များသည် ပြည်သူတစ်ရပ်လုံးကို မကာကွယ်သည့်အပြင် ပြည်သူကိုပင် နင်ပဲငဆ လက်နက်အားကိုးဖြင့် ဖိနှိပ်ညှဉ်းပန်းတတ်သည်။ အဓိကရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦး၊ တစ်စုတစ်ဖွဲ့၏ အာဏာ၊ စည်းစိမ်ကိုကာကွယ်ပေးရန်သာဖြစ်သည်။ ထိုစစ်တပ်မျိုးကားခါးပိုက်ဆောင်တပ်ပင်ဖြစ်သည်။

အချို့က အမျိုးသားရေးဦးတည်ချက်မရှိ၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်မထား၊ အခကြေးငွေ၊ လာဘ်လာဘ၊ ကိုယ်ကျိုးကြည့်ပြီး ငှားရမ်းသူခိုင်းသမျှ လက်နက်ကိုင်တိုက်ပေးလေ့ရှိသည်။ ဤတပ်မျိုးကား ကြေးစား စစ်တပ်ပင်ဖြစ်သည်။ ကမ္ဘာ့ဖြစ်စဉ်များ၌ နယ်ချဲ့ စစ်တပ်၊ ခါးပိုက်ဆောင်တပ်၊ ကြေးစားတပ်များကို လူတို့တွေ့ကြုံခဲ့ဖူးကြပြီ၊ အနည်းဆုံး ကြားဖူး၊ ဖတ်ဖူး၊ မှတ်ဖူးခဲ့ကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်ကားနယ်ချဲ့စိုးမိုးခံရသောခေတ်ကာလမှလွဲ၍ မိမိနိုင်ငံ၊ မိမိပြည်သူ၊ မိမိတို့၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သော တပ်မတော်၊ နယ်ချဲ့တို့လက်မှ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်တိုက်ယူပေးခဲ့သော တပ်မတော်၊ ကြသည့် ပြည်တွင်းသောင်းကျန်းမှုကြီးဖြစ်ပွားခဲ့ရသည်။ တစ်ချိန်တည်းလိုလိုမှာပင် ပြည်ပမှ ကေအမ်တီတပ်များ ကျူးကျော်ဝင်ရောက်လာသည့် အန္တရာယ်ကိုလည်း ရင်ဆိုင်နေရသည်။

ယင်းကဲ့သို့ နိုင်ငံတော်တွင် ဘေးအန္တရာယ် အသွယ်သွယ်နှင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရသည့် အဓိကအင်အားစုမှာ တပ်မတော်ပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်က ပြည်တွင်းရောင်စုံသောင်းကျန်းမှုကိုနှိမ်နင်းရင်း ကျူးကျော်

ခေတ်အဆက်ဆက် ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်လျက်ရှိသော တပ်မတော်

မျိုးချစ်တိုင်းရင်းသားများဖြင့်ဖွဲ့စည်းလျက် နိုင်ငံတွင်အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်သော ပြည်သူ့တပ်မတော်ဟူ၍သာတည်ရှိသည်။ တပ်မတော်သည် အမျိုးသားရေးသစ္စာ စောင့်သိပြီး၊ အမျိုးသားရေးကို မည်သည့်အခါတွင်မျှ သစ္စာမဖောက်သော တပ်မတော်ဟု သမိုင်းစဉ်တစ်လျှောက် ဂုဏ်ယူနိုင်ခဲ့သည်။

နိုင်ငံရေးပယောဂ၊ ဂိုဏ်းဂဏ၊ ဝါဒအစွဲမျိုးစုံ လွှမ်းမိုးခံရသူများသည် မိမိတို့ စွဲမိစွဲရာ ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကိုသာ အလေးထားလွန်းရာမှ ပြည်သူ့အကျိုးစီးပွားများကို သွေဖည်လာကြသည်။ ပြည်သူ့မျက်နှာ ထောက်ရမှန်းမသိဘဲ အချင်းချင်း အာဏာလု၊ ဝါဒပြိုင်၊ ကိုယ်ကျိုးကြည့်လုပ်ရပ်များ ကြီးထွားလာသည်။ ဤသို့ဖြင့် ၁၉၄၈-၄၉-၅၀ ပြည့်နှစ်များ တစ်ဝိုက်တွင် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးလုလုဖြစ်ခဲ့ရသည်။ (ရန်ကုန်ခြောက်မိုင် အစိုးရဟု စာနယ်ဇင်းများက သရော်ကြသည့် ကာလကဖြစ်သည်။)

လွတ်လပ်ရေးရပြီးစ ပူပူနွေးနွေးကာလ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းပျော်ရွှင်စွာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သော်လည်း နယ်ချဲ့၏ပယောဂ၊ သွေးခွဲ၊ သွေးထိုးမှု၊ ပါတီစွဲ၊ ဝါဒစွဲကြောင့် အချင်းချင်းတိုက်ခိုက် ဝင်ရောက်လာသူ ကေအမ်တီတပ်များကိုလည်း တိုက်ခိုက် မောင်းထုတ်ခဲ့ရသည်။ ထိုစဉ်က တပ်မတော်သာ မားမားမတ်မတ် ရပ်တည်ပြီး အန္တရာယ်အသွယ်သွယ်ကို စွမ်းစွမ်းတမံ တွန်းလှန်မှုမပြုနိုင်ခဲ့လျှင်၊ မြန်မာ့လွတ်လပ်ရေးကို ဝင်ရောက်မကယ်တင်နိုင်ခဲ့လျှင် ယနေ့ရပြီးစ မြန်မာ့လွတ်လပ်ရေးသည် ထိုစဉ်ကာလကပင် တိုင်းတစ်ပါးလက်သို့ ပြန်လည်ကျရောက်သွားမည်သာဖြစ်ပေသည်။

ပြည်ပကျူးကျော်သူ တရုတ်ဖြူတပ်များကို နှိမ်နင်းခဲ့ရာတွင် မြန်မာတပ်မတော်က အသက်ပေါင်းများစွာ ပေးလှူခဲ့ရသည်။ ပြည်သူမှဖွား ပြည်သူ့တပ်မတော်သားများပီပီ မိဘပြည်သူများအတွက်



စွမ်းရည်ရှိသော မြန်မာ့တပ်မတော်၏ နှိမ်နင်းမှုကြောင့် ကျူးကျော်သူ တရုတ်ဖြူတပ်များ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးပြီးနောက် သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများ။

တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေါင်းများစွာ ပေးလှူခဲ့ရသည်။ ကိုယ်လက်အင်္ဂါများကို စွန့်ခဲ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က နယ်ချဲ့တို့သည် ဤသို့ပင် မြန်မာ့တပ်မတော်ကို သွေးတိုးစမ်း၍ မြန်မာ့ပိုင်နက်အတွင်းသို့ ကျူးကျော်ခဲ့ဖူးသည်။ ထိုစဉ်က မြန်မာ့တပ်မတော်၏ အင်အားချည့်နဲ့မှုကို အခွင့်ကောင်းယူ၍ မြန်မာ့မြေအတွင်း တစ်စတစ်စ တိုးဝင်ခဲ့ရာ နောက်ဆုံးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့သည်။ ဤသည်တို့ကား မမေ့အပ်သော သမိုင်းဖြစ်ရပ်မှန်များပင် ဖြစ်သည်။

တက္ကသိုလ်မြတ်သူ

၁၉၄၉ခုနှစ်ကုန်ပိုင်းကာလနှင့် ၁၉၅၀ ပြည့်
**ဦးပိုင်းကာလများတွင် မြန်မာ့ပိုင်နက်နယ်နိမိတ်
ဖြတ်ကျော်ကာ အလုံးအရင်းဖြင့် ဝင်ရောက်
သော ကျူးကျော်သူ တရုတ်ဖြူများကို မြန်
တပ်မတော်ကသာ စွမ်းရည်သုံးရပ် ပြည့်ဝစွာ
တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အ
ပြန်လည်တွန်းလှန် ချေမှုန်းနိုင်ခြင်းမရှိခဲ့လျှ
တစ်နည်းအားဖြင့် ထိုစဉ်က မြန်မာ့တပ်မတော်သ
အင်အားတောင့်တင်းခြင်း မရှိခဲ့လျှင် လွန်ခဲ့
နှစ်ပေါင်း တစ်ရာကျော်က ဖြစ်စဉ်ကဲ့
သူ့ကျွန်ဘဝရောက်မည့်အရေး မတွေးဝံ့အောင်
ရှိတော့သည်။**

တစ်ဖန် ၁၉၅၈-၅၉-၆၀ပြည့်နှစ်များတစ်
တွင် အာဏာရ နိုင်ငံရေးပါတီဖြစ်သည့် ဖဆ
အဖွဲ့ကြီး အစိတ်စိတ်ကွဲကာ အချင်းချင်းလက်
လုသူ စုဆောင်းတိုက်ခိုက် သွေးချောင်းစီးလုနီး
လွတ်လပ်ရေး ဆုံးရှုံးလုလု ဖြစ်ခဲ့ရပြန်သ
(ခက်ဖွယ်ရယ်ကြုံပါတယ် လက်နက်ကယ်စုံအ
နဲ့ဟု စာနယ်ဇင်းတို့က ထောက်ပြသတိ
ရသောကာလဖြစ်သည်။)

အာဏာရနိုင်ငံရေးပါတီ အစိတ်စိ
အမြွှာမြွှာပြိုကွဲပြီး တိုင်းပြည်သွေးချောင်းစီးရ
မည့် လက်မတင် အခြေအနေတွင်လ
တပ်မတော်ကသာလျှင် သမိုင်းပေးတာဝန်

လွတ်လပ်ရေးဆုံးရှုံးရသ
လည်း ဆုံးရှုံးခဲ့ရသော လွ
ကြိုးပမ်းရသည်မှာမူ နှစ်ကာ
တို့၏ အသက်ပေါင်းများစွာ
အတိတ်၏ ခါးသီးသော
လွတ်လပ်ရေး ပြန်လည်မဆ
နိုင်ငံနှင့် လူမျိုးအကျိုးကို
ကာကွယ်ခဲ့ခြင်းဖြစ်သည်။

ကြီးပြိုကွဲမည်၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲကာ တိုက်ကြခိုက်ကြမည်၊ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးကာ နယ်ချဲ့တို့က မြန်မာနိုင်ငံကိုပြန်လည်၍ မောင်ပိုင်စီးတော့မည်ဖြစ်သည်။

၁၉၈၈ခုနှစ်တွင်လည်း လက်ဝဲ၊ လက်ယာ၊ မြေပေါ်၊ မြေအောက်၊ ပြည်တွင်း၊ ပြည်ပ ပယောဂများဖြင့် ရပ်ရွာအေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို ဖျက်ဆီးကာ မင်းမဲ့စရိုက်ဖြင့် တိုင်းဆူပြည်ပျက်အရေးအခင်း မင်းမူလာခဲ့သည်။ ဂိုဒေါင်ဖောက်ကြ၊ ဖျက်ဆီးလုယက်ကြ၊ မြန်မာ အချင်း

…ရှေ့မှ …ာ တပ်မတော်

တက္ကသိုလ်မြတ်သူ

…၁၉၄၉ခုနှစ်ကုန်ပိုင်းကာလနှင့် ၁၉၅၀ ပြည့်နှစ် …င်းကာလများတွင် မြန်မာ့ပိုင်နက်နယ်နိမိတ်ကို …်ကျော်ကာ အလုံးအရင်းဖြင့် ဝင်ရောက်လာ …ာ ကျူးကျော်သူ တရုတ်ဖြူများကို မြန်မာ့ …်မတော်ကသာ စွမ်းရည်သုံးရပ် ပြည့်ဝစွာဖြင့် …်မတော်၏ အစဉ်အလာကောင်းများနှင့်အတူ … လည်တွန်းလှန် ချေမှုန်းနိုင်ခြင်းမရှိခဲ့လျှင် …်နည်းအားဖြင့် ထိုစဉ်က မြန်မာ့တပ်မတော်သည် …်အားတောင့်တင်းခြင်း မရှိခဲ့လျှင် လွန်ခဲ့သော …ပေါင်း တစ်ရာကျော်က ဖြစ်စဉ်ကဲ့သို့ …ကျွန်ဘဝရောက်မည့်အရေး မတွေးဝံ့အောင်ပင် …ာ့သည်။

… တစ်ဖန် ၁၉၅၈–၅၉–၆၀ပြည့်နှစ်များတစ်ဝိုက် …် အာဏာရ နိုင်ငံရေးပါတီဖြစ်သည့် ဖဆပလ …့ကြီး အစိတ်စိတ်ကွဲကာ အချင်းချင်းလက်နက် …သူ စုဆောင်းတိုက်ခိုက် သွေးချောင်းစီးလုနီးနီး၊ …်လပ်ရေး ဆုံးရှုံးလုလု ဖြစ်ခဲ့ရပြန်သည်။ …်ဖွယ်ရယ်ကြုံပါတယ် လက်နက်ကယ်စုံအညီ …ှ စာနယ်ဇင်းတို့က ထောက်ပြသတိပေးခဲ့ …သာကာလဖြစ်သည်။)

… အာဏာရနိုင်ငံရေးပါတီ အစိတ်စိတ် …မွှာမွှာပြိုကွဲပြီး တိုင်းပြည်သွေးချောင်းစီးရတော့ …ှ် လက်မတင် အခြေအနေတွင်လည်း …်မတော်ကသာလျှင် သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကို ကယ်တင်ခဲ့ရပြန်သည်။ အာဏာရနိုင်ငံရေးပါတီပြိုကွဲပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ပျက်စီးဆုံးရှုံးမည့်အန္တရာယ် မကျရောက်အောင် ရင်းနှီးပေးဆပ်ကာ ကယ်တင်ခဲ့သည်မှာလည်း တပ်မတော်ပင် ဖြစ်သည်။

၁၉၆၁–၆၂ခုနှစ်တွင် နယ်ချဲ့ထောင်ချောက်အတွင်း တိုးဝင်ကာ နယ်ချဲ့တို့၏ ဒေသဆိုင်ရာစစ်အုပ်စုတွင် ပါဝင်ရန်အထိ ရည်စူးကာ ပြည်ထောင်စုပြိုကွဲစေမည့် ဖက်ဒရယ်လှုပ်ရှားမှုကြီးကြုံခဲ့ရပြန်သည်။ လွတ်လပ်ရေးဆုံးရှုံးလုလု၊ ပြည်ထောင်စုကြီး ပြိုကွဲလုလု ဖြစ်ခဲ့ရသည်။

နိုင်ငံတော်အားနယ်ချဲ့စစ်အုပ်စုအောက်သို့ကျရောက်စေမည့် ဖက်ဒရယ်လှုပ်ရှားမှုကြီးကို ထိုစဉ်က အာဏာရ နိုင်ငံရေးပါတီ ပထစအစိုးရအနေဖြင့် မထိန်းသိမ်းနိုင်ဖြစ်ခဲ့ရပြီး ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲရတော့မည့် အခြေအနေတွင် တိုင်းရင်းသားပြည်သူတို့၏ ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ တပ်မတော်က သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကို ကယ်တင်ခဲ့ရပြန်သည်။ တပ်မတော်ကသာ ဝင်ရောက်မကယ်တင်ခဲ့လျှင် ပြည်ထောင်စုချင်း ခေါင်းဖြတ်သတ်ကြ၊ ဒီမိုကရေစီ အော်ကြ၊ ကြားဖြတ်အစိုးရအာဏာတောင်းကြ ဖြစ်နေချိန်တွင် အနောက်အင်အားကြီး(နယ်ချဲ့) နိုင်ငံကြီးမှ စစ်သင်္ဘောငါးစင်းပါ ရေတပ်ကြီးသည် မြန်မာ့ပင်လယ်ပြင်ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာကာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကျားချောင်း ချောင်းနေခဲ့သည်။ လွတ်လပ်ရေး ဆုံးရှုံးလုနီးနီး ဖြစ်ခဲ့ရပြန်သည်။

အဆိုပါ တိုင်းဆူပြည်ဖျက် အရေးအခင်းတွင်လည်း အမျိုးသားရေးတာဝန်ကို ဦးထိပ်ပန်ဆင်ထားသည့် တပ်မတော်ကပင် နိုင်ငံတော်ကို လက်ဝဲ လက်ယာ အန္တရာယ်အသွယ်သွယ်ကြားမှ ကယ်တင်ခဲ့ရပြန်ပါသည်။ နိုင်ငံပြိုကွဲလျှင် မြန်မာ့ရေပြင်ပိုင်နက်၌ ကျူးကျော်ဝင်ရောက်နေသည့် အင်အားကြီးနိုင်ငံတစ်ခု၏ စစ်သင်္ဘောအုပ်စုက ဝင်ရောက်လာတော့မည်၊ ထိုအခါ နိုင်ငံတော် အချုပ်အခြာအာဏာ ထိပါးခံရပြီး မြန်မာ့ဦးစွန်းသည် နယ်ချဲ့လက်အောက်သို့ ပြန်လည်ကျရောက်သွားရပေဦးမည်။ **လွတ်လပ်ရေး ဆုံးရှုံးရသည်မှာ တစ်ခဏအတွင်းဖြစ်သော်လည်း ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည်မှာမူ နှစ်ကာလများစွာ၊ တိုင်းရင်းသားပြည်သူတို့၏ အသက်ပေါင်း များစွာကို ပေးဆပ်ရင်းနှီးခဲ့ရပြီးဖြစ်သည်။ အတိတ်၏ခါးသီးသော သမိုင်းသင်ခန်းစာများအရ မြန်မာ့လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရန် အတွက် တပ်မတော်က နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုကာ မားမားမတ်မတ် ရပ်တည် ကာကွယ်ခဲ့ခြင်းဖြစ်သည်။**

ထိုသို့လွတ်လပ်ရေးဆုံးရှုံးလုလု၊ ပြည်ထောင်စုကြီး ပြိုကွဲလုလု၊ ပြည်သူတို့အသက် အိုးအိမ်စည်းစိမ်ဆုံးရှုံးလုလု၊ သွေးချောင်းစီးလုလု အခြေအနေဆိုးလေးကြိမ်လေးလားကြုံခဲ့စဉ် တပ်မတော်သည် ပြည်သူနှင့်လက်တွဲပြီး ကာကွယ်စောင့်ရှောက်ခဲ့ရသည်ချည်း ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် တိုင်းပြည်၌ အခက်အခဲကြုံလာတိုင်း၊ အကျပ်အတည်းဖြစ်လာတိုင်း တပ်မတော်သည် ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ် ရပ်တည်၍ အခက်အခဲအကျပ်အတည်းမှန်သမျှကို ရင်ဆိုင်ကျော်လွှား နိုင်ခဲ့သည်။ တပ်မတော်သာ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံညီညွတ်မှုမရှိဘဲ အင်အားချည့်နဲ့နေပါက မြန်မာ့လွတ်လပ်ရေးကို ယင်းကဲ့သို့ အကြိမ်ကြိမ် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းနိုင်စွမ်း ရှိမည်မဟုတ် ဟူသောအချက်ကို အထူးသတိပြုအပ်ပေသည်။

ထို့ကြောင့် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသော ခံယူချက်ဖြင့် ပြည်သူကြားမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သည် အင်အားတောင့်တင်းသော တပ်မတော်အဖြစ် ပြည်သူများအတွက် အစဉ်အမြဲ ရှေ့တန်းတွင် ရပ်တည်နေပေသည်။ ထို့အတူ ယနေ့တည်ဆောက်လျက်ရှိသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာ ခရီးလမ်းတွင်လည်း တပ်မတော်သည် ရှေ့တန်းဆီမှ ပါဝင်ခြင်းဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို ကြိုတင်ကာကွယ်နိုင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ အစဉ် တည်တံ့ခိုင်မြဲရေး သမိုင်းပေးတာဝန်များအတွက် အခါမလပ် ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ တိုင်းပြည်တွင် အရေးကြုံလာတိုင်း ပြည်သူတို့၏ ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ နိုင်ငံနှင့် လူမျိုးအကျိုးကို ထာဝစဉ် ရှေးရှုသယ်ပိုးနေသော အမျိုးသားရေး တပ်မတော်ကြီးဖြစ်ပေရာ ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ကျူးကျော်သူ တရုတ်ဖြူများကို ထိရောက်စွာ နှိမ်နင်းရာ၌ ပါဝင်ဆင်နွှဲခဲ့သည့် မြန်မာ့တပ်မတော် (လေ)၏ ဆီးဖြူရီ တိုက်လေယာဉ်အုပ်စု။

နှစ် (၆၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

မြန်မာ့တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာသော၊ တိုင်းရင်းသားညီအစ်ကိုများနှင့် ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော် ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သည် မိဘပြည်သူတို့အတွက် အသက်ပေါင်းများစွာပေး၍ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ နှစ်ပေါင်းများစွာ ကျရောက်ခဲ့သော သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ တပ်မတော်သည် အရင်းအနှီးများစွာ ပေးခဲ့ရသည်။

လွတ်လပ်ရေးဆုံးရှုံးရသည်မှာ တစ်ခဏအတွင်း ဖြစ်သော်လည်း ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းရသည်မှာမူ နှစ်ကာလများစွာ၊ တိုင်းရင်းသား ပြည်သူတို့၏ အသက်ပေါင်းများစွာကို ပေးဆပ်ရင်းနှီးခဲ့ရပြီး ဖြစ်သည်။ အတိတ်၏ ခါးသီးသော သမိုင်းသင်ခန်းစာများအရ မြန်မာ့လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရန်အတွက် တပ်မတော်က နိုင်ငံနှင့် လူမျိုးအကျိုးကိုရှေးရှုကာ မားမားမတ်မတ်ရပ်တည် ကာကွယ်ခဲ့ခြင်းဖြစ်သည်။

ကျူးကျော်သူ တရုတ်ဖြူများကို ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် ရှင်းလင်းချေမှုန်းခဲ့သည့် မြန်မာ့တပ်မတော်သားများ၏ အောင်ပွဲမှအပြန်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟယ်လင်းနစ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၅

၂၀၀၅ခုနှစ် မတ် ၂၅ရက်တွင် ကျရောက်သည့် ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကော့စ်တပ်စ်ကာရာမန်လစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ သဒ္ဓါတရားထက်သန်စွာ လောင်းလှူ

စာမျက်နှာ ၇မှ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သီရိသုဓမ္မမဏိဇောတရေဘွဲ့ ရရှိသည့် တနင်္သာရီတိုင်း ပုလောမြို့နယ် ကျောက်ကာရွာနေ ဦးမောင်လှ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် (၈၃x၂၀)လမ်းထောင့် အမှတ် ၃၆ နေ ဦးအောင်သိန်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်းလမ်း အမှတ် (၉)နေ ဦးရွှေမြ၊ ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သန်လျင်တံတားအိမ်ရာဝင်း ခရေပင်လမ်း အမှတ်(၁၅၃)နေ ဦးတင့်ဆန်းနှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် အင်းစိန်လမ်း အမှတ်(၂၇)နေ ဦးထွန်းလင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သီရိသုဓမ္မမဏိဇောတရေဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် သံလွင်လမ်း အမှတ်(၁၃၅-အေ)နေ ဦးဇော်မင်းဇင်၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် ၁၅ရပ်ကွက် ဓမ္မာရုံလမ်း အမှတ်၆၀ (က/ခ)နေ ဒေါက်တာဝင်းဇော်၊ ရန်ကုန်တိုင်း တာမွေမြို့နယ် ဦးထွန်းမြတ်လမ်း အမှတ်(၁၁/အေ)နေ ဒေါက်တာမိုးတင်၊ သီဟသုဓမ္မမဏိဇောတရေဘွဲ့ ရရှိကြသည့် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာနေ ဦးဆန်းလွင်နှင့်ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီမြို့နယ် သုံးဆယ်မြို့ စံရွေးတန်းရပ်ကွက် အရှေ့လမ်းသစ်တန်းနေ ဦးရဲဒင်တို့အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကိုအပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သီဟသုဓမ္မမဏိဇောတရေဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မျက်ပါးရပ် (၇၈x၃၇)လမ်းထောင့် အမှတ်၁၂၈နေဦးကြည်လွင်၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ဘူတာရပ်နေ ဦးစိုးသိမ်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေနံ့သာရပ်ကွက် အုတ်လမ်း အမှတ်၄၉ (မြတ်မွန်ရတနာသင်္ကန်းတိုက်နှင့်ရွှေဆိုင်)နေ ဦးစိုးသိမ်း၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၂၀ရပ်ကွက် ဗိုလ်ဖိုးစောလမ်း အမှတ် ၉၅၇နေ ဒဂုံဦးတင်ဝင်းနှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် စလင်းလမ်း အမှတ်၃၀နေ ဦးနှင်းစိန်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သီဟသုဓမ္မမဏိဇောတရေဘွဲ့ရ ရန်ကုန်တိုင်း သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက် အောင်ဇေယျလမ်း အမှတ်၈၄နေ ဦးတင်ဦး၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ကမ်း ကန်တော်မွန်အိမ်ရာ ခြံအမှတ်၁၅နေ ဦးကိုကိုလတ်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းယားမြိုင်လမ်း အမှတ် ၃၄(အေ)နေ ဦးမြတ်လွင်နှင့် သုဓမ္မမဏိဇောတရေဘွဲ့ရရှိကြသော စစ်ကိုင်းတိုင်း မော်လိုက်မြို့ ကျောင်းမြောက်ရပ် ဗိုလ်ချုပ်လမ်း အမှတ်(၂)ရပ်ကွက်(သီရိရတနာရောင်းဝယ်ရေးနှင့် ရွှေပန်းထိမ်လုပ်ငန်း)နေ ဦးတိုးတိုးအောင်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄)ရပ်ကွက် လှော်ကားလမ်းမကြီး အမှတ် ၃၇၇ နေ ဦးစိုးရှိန်တို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သုဓမ္မမဏိဇောတရေဘွဲ့ရ ဧရာဝတီတိုင်း ဘိုကလေးမြို့ (၃)ရပ်ကွက် ဗိုလ်မစူးလမ်းနေ ဦးအောင်ညွှန့်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ရရှိကြသည့် ပဲခူးတိုင်း(အနောက်ပိုင်း)အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနေ ဦးမြင့်ဆွေ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၂၃ လမ်းကြား လမ်း ၈၀ အမှတ် ၃၇၆ နေ ဦးငွေအောင်၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၁၃)ရပ်ကွက် သီရိမြိုင် ၉လမ်း အမှတ် ၁၈၆ နေ ဦးညွှန့်စိန်နှင့် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း အမှတ် (၉)ရပ်ကွက် အမှတ် ၄၅၃ (ပထမထပ်)နေ ဦးဟန်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သာသနာပြုဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် အောင်မင်္ဂလာလမ်းမကြီး အမှတ်၂/၉၆နေ ဦးကျော်လှိုင်၊ ရန်ကုန်တိုင်း ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက် သမ္မတကမ်းခြေအနော်ရထာလမ်းနေ ဦးသန်းရွှေနှင့် ကယားပြည်နယ် ဒီမောဆိုမြို့နယ် လိုပူကျေးရွာအုပ်စု လိုပူနယောင်လာ ကျေးရွာနေ ဦးခွန်တော့တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို အပ်နှင်းသည်။

ဆက်လက်၍ လူပုဂ္ဂိုလ်(အမျိုးသမီး)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များအပ်နှင်းရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် စကားဝါလမ်း အမှတ် ၅၃/ကနေ ဒေါ်မိမိခင်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ ဘုရားကြီးရပ် တရုတ်တန်းလမ်း တိုက် ၁၂နေ ဒေါ်ညိုညို (ဒေါ်တွေး ဂေါမုတ္တတိုင်းရင်းဆေးဝါး ထုတ်လုပ်ငန်း)၊ ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ်မြို့ စံရွေးတန်းလမ်းနေ ဒေါ်သန်းသန်းဝင်း၊ မကွေးတိုင်း ရေစကြိုမြို့ အမှတ်(၇) ရပ်ကွက် ကံပွင့်လမ်း အမှတ်၄၀နေ ဒေါ်ခင်သန်းဦးနှင့်မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် သာသနာ့ရိပ်သာလမ်း အကွက်၃၄၁နေ ဒေါ်အေးတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော မန္တလေးတိုင်း သာစည်မြို့ ထိန်ကန်ရပ် အမှတ်(၄)ရပ်ကွက်နေ ဒေါ်အေးအေးချို၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ရွှေတောင်ကြား ၁လမ်း အမှတ်(၉၀/အယ်လ်)နေ ဒေါ်ရွှေသက်၊ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၂၆၁/၃၅၉နေ ဒေါ်တင်နွယ်ဦး (မုန့်ချိုဆေးတိုက်)၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် အေးချမ်းသာယာလမ်း (အမှတ်၂၉၁/က)နေ ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၆)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့် အမှတ်၂၇၇နေ ဒေါ်ခင်ဝါဝါတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ရေတာရှည်လမ်းဟောင်း အမှတ် (၇၂) နေ ဒေါ်သန်းသန်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီး အမှတ် (၅၂-က)နေ ဒေါ်အေးမြတ်နွယ်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၈၁)နေ ဒေါ်စန်းဝင်း(ခ)ဒေါ်စန်းစန်းဝင်း၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် မေခလမ်း အမှတ်(၁၇-ဘီ)နေ ဒေါ်နန်းခမ်းတစ်(ဝ်)နှင့် သီဟသုဓမ္မသိင်္ဂီဘွဲ့ရ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက်နေ ဒေါ်မြကြည် (ညိုညို ဆေးလိပ်ရုံ)တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ ညောင်ဝိုင်း (၁၇)လမ်း အမှတ်(၈၁)နေ ဒေါ်ညွှန့်သန်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် လမ်းမတော်လမ်းနေ ဒေါ်လှမြိုင် (စိန်ရတနာဆေးတိုက်)၊ ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့ သရက်တောရပ်ကွက် ပြည်-ရန်ကုန်လမ်းနေ ဒေါ်ရင်ကြွေ၊ ပဲခူးတိုင်း (အနောက်ပိုင်း) သုံးဆယ်မြို့ စံရွေးတန်းရပ်ကွက် တရုတ်တန်းလမ်း နေ ဒေါ်ကြင်မြင့်နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်နေ ဒေါ်ခင်ညိုတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ ၂၆ လမ်း အမှတ် (၂၄) နေ ဒေါ်စန်းကြူ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း အမှတ်(၇) ကမ္ဘာအေးရိပ်သာနေ ဒေါ်ကြည်ကြည်ဝင်းနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝက်ဘာလမ်း အမှတ်(၁)နေ ဒေါ်ရွှေစင်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင် အယောင်တို့ကို အပ်နှင်းသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မျိုးဂုဏ်မြင့်တဲ့ တပ်မတော်

❒ တို့တိုင်းဌာနီ၊ မြန်မာပြည်တည့်
ဖြာသည်အလင်း၊ အေးမြခြင်းလျှင်
လမင်းတစ်ရာ၊ မကသာသည့်
ထေရာ ဝါဒ၊ မြတ်ဗုဒ္ဓ၏
ဓမ္မရောင်ခြည်၊ လွှမ်းပတ်စည်သော်
စေတီ ခပင်း၊ ရွှေရည်ဝင်းအောင်
မင်းနှင့်ပြည်သူ၊ သဒ္ဓါတူလျက်
ပူဇော်အထွတ်၊ ပြည်လုံးညွှတ်လျှင်
တုလွတ်ကင်းစင်၊ သမိုင်းစဉ်ဝယ်
နှိုင်းယှဉ်ရာမဲ့၊ သာပေခဲ့မို့
အိုဘယ့်မြန်မာ၊ တင့်မောစွာဟု
သူ ငါ ချီးအံ့၊ ကမ္ဘာနှံ့တွင်
လှိုင်ပျံ့ထုံကြည် သင်းတကား။

❒ ညို့မှိုင်းဖြာစည်၊ တို့တိုင်းပြည်တည့်
ဤမှာကောက်နှံ၊ ဖွံ့ထွားသန်လျက်
သယံဇာတ၊ သဘာဝလည်း
ကြွယ်ဝဤမြေ၊ ပေါပြည့်ပေ၏
စိန် ရွှေ ကျောက်မျက်၊ ဖိတ်ဖိတ်လက်ကာ
စဉ်ဆက်မြေးသား၊ ပိုင်ဆိုင်သွားဖို့
ဘိုးဘွားအမွေ၊ ငါတို့မြေတည့်
နေ ရေ လေနှင့်၊ အခြေသင့်ကာ
တောနှင့်ဂနိုင်၊ စုံမြိုင်တင့်ကောင်း
ဥဒေါင်းလည်ဆန့်၊ မြီးဝန်းဖြန့်၍
ကအံ့ရွှယ်ရည်၊ နေဘိသည်သို့
ဤမြေရိပ်မြိုင်၊ လှချင်းပြိုင်သည်
ခိုင်သန့်စုံညီ ဝင်းတကား။

❒ မြို့ တိုင်း ရွာ ပြည်၊ သာယာစည်ကာ
ညီညွတ်စုစည်း၊ တစ်သွေးတည်းပင်
ပြည်ကြီးဂုဏ်တင့်၊ မျိုးဂုဏ်မြင့်အောင်
ထောက်ချင့်ရည်မျှော်၊ တပ်မတော်က
နှိုးဆော်လမ်းဖွင့်၊ ဦးဆောင်လင့်သော်
မြင့်မြတ်အတွေး၊ ပြည်သူတွေးကာ
လေးနက်အမြင်၊ ပြည်သူမြင်လျက်
ပြည်ခွင့်အကျိုး၊ ထမ်းသယ်ပိုးရန်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တို့
ပြည့်သိပ်နှိုးကြား၊ နှလုံးသားမှ
ဆီးတားမရပ်၊ စဉ်မပြတ်လျှင်
စိတ်ဓာတ်ခိုင်ကြံ့၊ ပြည်လုံးဖွံ့သည်
နိုင်ငံ့ဂုဏ်ရည် လင်းတကား။ ။

မြင်းမူမောင်နိုင်မိုး

မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Nutrition (ဒုတိယနှစ်-အိမ်တွင်းစီးပွား)
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ Goal Show အစီအစဉ်
၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၄)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးတွေ့မွေးနေဆဲ"** (အပိုင်း-၁၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ **နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်" (အပိုင်း-၂) ဒါရိုက်တာ-ပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်။**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)



မြန်မာ့ရုပ်မြင်သံကြား

၂၅-၃-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ အကပြိုင်ပွဲ
၈း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၀ ၈။ သုံးဆယ်ရေလှောင်တမံ
၈း၂၀ ၉။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ English for Everyday Use

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇း၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၄၀ ၈။ တေးဂီတအစီအစဉ်
၁၇း၅၀ ၉။ မောင်မြန်မာ လျှပ်စစ်စက်ဘီး ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
၁၈း၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၁၈း၁၀ ၁၁။ Discovery
၁၈း၁၅ ၁၂။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၁၈)
၁၉း၂၅ ၁၆။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချ စွမ်းရည်ပြိုင်ပွဲ
၁၉း၃၅ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၁၉း၄၅ ၁၈။ ပြည်သူ့အတွက် တပ်မတော် (ခေတ်အဆက်ဆက် မပြတ်တာဝန်ကျေပွန်သည့် တပ်မတော်)
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ မြန်မာရုပ်ရှင် ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းများ ထွန်းကားသည်"** (အပိုင်း-၂) ဇင်ဝိုင်း၊ ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ် (ဒါရိုက်တာ-ပန်းချီစိုးမိုး)

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးခိုင်မှုစစ်ဆေးမွမ်းမံခြင်းလုပ်ငန်းအောင်မြင်ပြီးမြောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ရောင်တော်ဖွင့်ပူဇော်ခြင်းအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် မတ် ၂၄

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးခိုင်မှု စစ်ဆေးမွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးမြောက်ပြီဖြစ်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ရောင်တော်ဖွင့်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၂ မိနစ်တွင် ရွှေတိဂုံစေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားတန်ဆောင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညိုပူဇော်သည်။

တက်ရောက်

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် စိန်ဖူးတော်အား အနီးကပ်ဖူးမြော်တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ငှက်မြတ်နားတော်တွင် ကပ်လှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ရတနာပစ္စည်းများအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ရွှေထီးတော်တွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ရွှေညောင်ရွက်တို့ကို တပ်ဆင်ပူဇော်ပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ပေးစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရွှေတိဂုံစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့တွင် ကပ်လှူပူဇော်မည့်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး၊ ဝန်ကြီးများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှဝေ

ထို့နောက်နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ မင်္ဂလာဒုံမြို့နယ် တောတိုက်မေ့ရိပ်သာ ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာရထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် မြတ်ကြီးအား ရောင်တော်ဖွင့်ပူဇော်ပွဲ ခွင့်ပြုပါရန် ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသနှင့် တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော်လေးပါးတို့ဦးဆောင်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့တွင် ဆက်ကပ်လှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာပစ္စည်းများကို စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စိန်ဖူးတော်တွင် စိန်ပွင့်များကို တပ်ဆင်ပူဇော်ပြီး တရော်ကင်ပွန်း၊ ပဉ္စာန်းပရိတ်ရေ၊ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်သည်။

ထို့နောက် ငှက်မြတ်နားတော်ကို တရော်ကင်ပွန်း၊ ပဉ္စာန်းပရိတ်ရေ၊ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပြီး ပန်းလည်တိုင်၌ ရွှေကွင်းသုံးကွင်း၊ ငှက်မြတ်နားတော်၌ ပဉ္စာန်းစက်ဝိုင်းရုပ်ပွားတော်တစ်ဆူနှင့် အများပြည်သူလှူဒါန်းသော ရတနာများ၊ ပန်းလည်တိုင် အားဖြည့်စတီးထောက်များ၌ မတ်ရပ်ရုပ်ပွားတော်တစ်ဆူစီပါ ရွှေကွင်း ၂၄ ကွင်းတို့ကို အစီအစဉ်အတိုင်း ကပ်လှူပူဇော်သည်။

ဆက်လက်၍ ရွှေထီးတော်တွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ရွှေညောင်ရွက်တို့ကို တပ်ဆင်ပူဇော်ပြီး တရော်ကင်ပွန်း၊ ပဉ္စာန်းပရိတ်ရေ၊ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်သည်။

ရွတ်ပွားသရဇ္ဈာယ်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရောင်တော်ဖွင့်ပူဇော်နေချိန်တွင် ငြမ်းအထက်စေတီတော်အထွတ်၌ ရွှေတိဂုံစေတီတော်သြဝါဒါစရိယဆရာတော် တစ်ပါးနှင့် တိပိဋကဓရ ဆရာတော်လေးပါးတို့က လည်းကောင်း၊ စေတီတော်အထက်ပစ္စယာထက်၌ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ဆရာတော် ၁၀ ပါးနှင့် စေတီတော်ရင်ပြင်တော်၌ အောင်ဆန်းတောရကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော် ၁၈ ပါးတို့က လည်းကောင်း ဗုဒ္ဓဂုဏ်တော်များ၊ ပဋ္ဌာန်းပရိတ်တော်များ၊ ရတနတ္တယပူဇာ ပကိဏ္ဏကဂါထာတော်များ၊ ရောင်ခြည်တော်အမွှန်းဂါထာတော်များ၊ အန္တရာယ်ကင်းဂါထာတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရောင်တော်ဖွင့်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးသည်။

ရောင်ခြည်တော်ဖွင့် မင်္ဂလာအခမ်းအနား မစတင်မီကလည်း ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ထက်၌ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အသင်းများအင်အား ၂၀၀၀ ကျော်တို့က ပဋ္ဌာန်းပါဠိတော်နှင့် ဗုဒ္ဓဂုဏ်တော်များ၊ ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀မှ

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော် တည်းဟူသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာတရားတော်တို့ မှေးမှိန်ပျောက်ကွယ်ခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာ တည်ရှိနေသမျှ ကာလပတ်လုံး သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ရာ မရောက်ဘဲ သက်တော်ထင်ရှားရှိသည်နှင့်မခြား အလားတူကြောင်း ဆရာတော်ဘုရားများ ဟောကြားထားသည်ကို နာယူမှတ်သားဖူးပါကြောင်း၊ ထိုသို့ သာသနာတော်သုံးရပ်တွင် အခြေခံမူလကျသည့် ပရိယတ္တိသာသနာတော် မညှိုးမှိန်စေရေးအတွက် ရှေးရှေးရဟန္တာမထေရ်မြတ်ကြီးများမှ အစပြု၍ ယခုမျက်မှောက် သမ္မုတိသံဃာတော်များအထိ ရဟန်းသံဃာတော် အဆက်ဆက်တို့သည် တရားတော်ဓမ္မက္ခန္ဓာများကို သင်္ဂါယနာ ခြောက်တန်တင်၍ လည်းကောင်း၊ တပည့် ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍ လည်းကောင်း အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် ဂုဏ်ရှိန်မြင့်မားလျက် တည်ရှိနေခြင်းဖြစ်ပါကြောင်း။

တပည့်တော်တို့ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဆိုလျှင် မြန်မာနိုင်ငံ၏ ထေရဝါဒမီးရှူးတန်ဆောင်ကို ထွန်းညှိပြသနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ သာသနာပြု ရဟန်းတော်များ၏ သာသနာပြုစွမ်းရည်ကို ကမ္ဘာ့ဗုဒ္ဓဘာသာအင်အားများနှင့် ဆက်စပ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ဗုဒ္ဓဘုရားရှင်၏ အဆုံးအမအောက်တွင် သူတော်ကောင်းခေတ် တရားတော်မြတ်များ ထွန်းတောက်ပွားများလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့အလယ် ပေါ်လွင်ထင်ရှားစေခဲ့ပါကြောင်း။

ဗုဒ္ဓဘုရားရှင်၏ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဂုဏ်ရှိန်မပျက် ဆက်လက်၍ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များက ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ရပ်တို့ကို ထမ်းဆောင်ကာ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူလျက်ရှိကြသလို နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား တပည့်တော်တို့ ဒါယကာ ဒါယိကာမများဘက်မှလည်း ပစ္စယာနုဂ္ဂဟဖြင့် အထောက်အကူပြု လှူဒါန်းပူဇော်လျက်ရှိကြပါကြောင်း။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်သည် တပည့်သာဝက ရဟန်းပရိသတ်၊ လူပရိသတ်ထဲမှ အရာဌာနအားလျော်စွာ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများအား ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးများ သတ်မှတ်ချီးမြှောက်ပေးအပ်ခဲ့သည့်အစဉ်အလာကိုယူလျက် ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယခု ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၅)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၂၁ပါး၊ သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၃၅ပါး၊ ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၄ပါး၊ စာချဘွဲ့တံဆိပ်တော်ရ ဆရာတော်၁၀၃ပါး၊ စာချဘွဲ့တံဆိပ်တော်ရ သီလရှင် ၁၁ပါး၊ သာသနာပြုဘွဲ့တံဆိပ်တော်ရသီလရှင် ငါးပါး၊သာသနာပြု ဘွဲ့တံဆိပ်တော်ရ အမျိုးသားကိုးဦး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား၂၆ဦး၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး၂၆ဦး၊ စုစုပေါင်းသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၃၈၄ဦး ဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် အရှင်သူမြတ်တို့၏ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်များကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍ လည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြု စွမ်းရည်နှင့် ဥပါသကာ ဥပါသိကာမ အမျိုးသားအမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍ လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း ပူဇော်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော်အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ကျင်းပပြုလုပ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာအဖွဲ့ အစည်း အသီးသီးနှင့်တကွ စေတနာရှင် အလှူရှင်များနှင့် ဝေယျာဝစ္စဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုအဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေကြောင်းနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ ဩဝါဒကို နာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့ ဆရာဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုးပွားတိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံး မိသားစု၊ စစ်ထောက်ချုပ်ရုံး မိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့တွင် ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်း၊ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်း တစ်လျှောက်၊ ဝိဇယမင်္ဂလာ ဓမ္မသဘင် အနောက်ဘက်မှ သီရိမင်္ဂလာ ကမ္ဘာအေးစေတီ၏ အနောက်ဘက် မုခ်လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်လမ်းတစ်လျှောက်တို့ရှိသတ်မှတ်နေရာ အသီးသီးတို့မှ နေ၍ စုစုပေါင်း ငွေကျပ် ၁၀၈၁၈၂၈၇၉ တန်ဖိုးရှိ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာဖြင့် လောင်းလှူပူဇော်ကြရာ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ ဒါနသံများ ပျံ့လွှင့်လျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မတ်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၇-၃-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဧပြီလ အတွက်

၁၀-၄-၂၀၀၅ ရက်နေ့ နှင့်
၂၄-၄-၂၀၀၅ ရက်နေ့

သီတဂူကြာတစ်ပွင့် ဓမ္မခရီး

ရန်ကုန် မတ် ၂၄

ရွှေပြည်ဟိန်း ဆရာတော် သီတဂူ ကြာတစ်ပွင့် ပိဋကတ်တစ်ပုံခွဲဆောင် အရှင်ခေမာသိရီ လင်္ကာရသည် မတ် ၂၆ရက်ည သုံးခွမြို့ ဝဲပုံကျောင်း ဓမ္မသဘင်၊ ၂၇ရက်ည သာကေတမြို့နယ် (၇၊ ၈)ရပ်ကွက် ခိုင်ရွှေဝါလမ်း နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ ၂၈နှင့်၂၉ ရက်ည ရွှေပြည်ဟိန်းကျောင်း ထေရဝါဒအထူးတရားပွဲ၊ ၃၀ ရက်ည ကမာရွတ် လှည်းတန်းဈေးလမ်း ဓမ္မသဘင်၊ ၃၁ရက်ည (၁၅)ရပ်ကွက် တောင်ဥက္ကလာပ မလွန်ဆန်လှူ ဓမ္မသဘင်၊ ဧပြီ ၁ရက်ည ရွှေပြည်သာ (၁၆) ရပ်ကွက် မလွန်ဓမ္မသဘင်၊ ၂ရက်ည တောင်ဒဂုံ(၁၀)ရပ်ကွက် ဓမ္မသဘင်၊ ၃ရက်ည ရွှေပြည်သာ (၈)ရပ်ကွက် ဓမ္မသဘင်၊ ၄ရက်ည ဆည်းဆာ မင်္ဂလာဒုံပေါက်ကုန်းနှင့် ညရနာရီ ရွှေပြည်သာ (ဃ)ရပ်ကွက် သီတဂူဓမ္မသဘင်၊ ၅ရက်ည မုံရွာ ဘုတလင်ရှင်ပြုပွဲ၊ ၆ရက်ည ရွှေပြည်သာ (၁၆) ရပ်ကွက် မလွန်ဆန်လှူရေစက်ချ၊ ၇ရက်ည တောင်ဒဂုံ (၅၄) ရပ်ကွက် ဓမ္မသဘင်၊ ၉ရက်ည ဖဆပလ မင်္ဂလာတောင်ညွန့်၊ ၁၁ရက်ည ပေါင်းတည်မြို့ သီတဂူ ဓမ္မသဘင်၊ ၁၂ရက်ည မှော်ဘီမြို့ ရွှေမော်တင်စေတီ၊ ၁၃ရက်မှ ၁၆ရက်အထိ သင်္ကြန်တွင်း ကချင်ပြည်နယ် နမ္မတီးမြို့ ဓမ္မသဘင်တို့သို့ ဓမ္မခရီး ကြွရောက်တော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်

စစ်ရေးအတွေ့အကြုံ၊ စာပေအတွေ့အကြုံရှိကြသည့် ဝါရင့်စာဆိုစစ်သည်များ၊ စာပေပညာရှင်ကြီးများ၏ ကိုယ်တွေ့၊ အတွေးအမြင်၊ သုတ၊ ရသ လက်ရာစုံလင်စွာဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ထုတ်ဝေလိုက်သည့်

"ရန်ပုံခွင်း တပ်မတော်" စာစောင်

ထွက်ပါပြီ။

ရန်ကုန်မြို့၊ ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ၂၁၂၊ သိမ်ဖြူလမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်များတွင် တစ်အုပ်လျှင် ကျပ်၂၀၀ဖြင့် ဝယ်ယူနိုင်ပါပြီ။



အဘိဓမ္မာ အထူးသင်တန်း

ရန်ကုန် မတ် ၂၄

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၅၅၀ရှိ မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် မတ် ၂၈ရက်မှ ဧပြီ ၇ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ည၈နာရီအထိ အပြည့်အစုံ လွယ်ကူရှင်းလင်းစွာ ဓမ္မဒါနပို့ချ သင်ကြားပေးမည်ဖြစ်ရာ လေ့လာလိုသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လောင်စာတွေကိုရှင်း၊ မီးဘေးအန္တရာယ်ကင်း

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်အမှတ် မက/၁၃၀၄၃ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ဆုံးသွားပါသဖြင့် ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မင်းဘူး)။**

နှစ်(၆၀)ပြည့် တပ်မတော်နေ့

**"တပ်မတော်ဟု၊ ထွန်းပေါ်လာရ
ဗီဇသန္ဓေ၊ အခြေအမြစ်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တည့်
အမျိုးအတွက်၊ အသက်တွေပေး
လွတ်လပ်ရေးကို
ယူပေးခဲ့ပြီး ဖြစ်ပါသည်။"**

(ဖိုးဝ)

မြန်မာ့သမိုင်းကိုလေ့လာလျှင် ပုဂံခေတ် မြန်မာ့အနော်ရထာမင်းကြီး(အေဒီ ၁၀၄၄–၁၀၇၇)လက်ထက်၌ ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက် တောင်ငူခေတ်၌ ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရားလက်ထက် ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည်။ ထိုခေတ် ထိုကာလများမှ တပ်မတော်ကြီးများသည် မြန်မာတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကို ခံရ၍ နန်းတွင်းစည်းလုံး ညီညွတ်မှုပျက်ပြားကာ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့သောကြောင့် ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် နိုင်ငံနှင့်လူမျိုးအတွက် လက်ရုံးသဖွယ် အားထားရသည့် အမျိုးသားတပ်မတော်ဖွဲ့စည်းခွင့် မရခဲ့ပေ။ ဤသို့ဖြင့် တပ်မတော်မရှိသော လူမျိုးအဖြစ် မြန်မာ့သမိုင်းတွင် နှစ်ပေါင်းတစ်ရာကျော် အားမဲ့စွာ ဖြတ်သန်းခဲ့ရသည်။

မြန်မာလူငယ် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်သို့ လျှို့ဝှက်စွာထွက်ခွာသွား၍ ဟိုင်နန်ကျွန်းတွင် စစ်သင်တန်း တက်ခဲ့ကြသည်။ ထိုမှ တမာဇာတိုမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ချီတက်စုရုံးခဲ့ကြသည်။

ထိုင်းအစိုးရက ဂျပန်တပ်များ ထိုင်းနိုင်ငံအတွင်းမှ ဖြတ်သန်းချီတက်ခွင့်ပြုပြီးနောက် ထိုင်းအစိုးရနှင့် ဂျပန်အစိုးရတို့ မဟာမိတ်စာချုပ် လက်မှတ်ရေးထိုးပြီးသောအခါ ရဲဘော်သုံးကျိပ်ဝင်များနှင့် မီနာမီအဖွဲ့ဝင်များသည် ဆေးဂုံမြို့မှ ဗန်ကောက်မြို့သို့ အသုတ်လိုက်ရောက်ရှိလာကြသည်။ ထို့နောက် နယ်ချဲ့အင်္ဂလိပ် လက်အောက်မှ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရေးအတွက် ပြင်ဆင်မှုများအဖြစ် စစ်သားစုဆောင်းခြင်း၊ ကန်တုံမြို့ရှိ ဂျပန်တပ်မတော်ထံမှ လက်နက်ခဲယမ်းမီးကျောက်များ သွားရောက်ယူဆောင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ဗန်ကောက်မြို့ရှိ ဗြိတိသျှဘော်နီယိုကုမ္ပဏီအဆောက်အအုံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်ကို ဖွင့်လှစ်ထားသည်။

ဂျပန်တို့က မြန်မာပြည်အပါအဝင် အာရှတောင်ပိုင်းနိုင်ငံများကို ချီတက်တိုက်ခိုက်မည်မှာ မလွဲမသွေဖြစ်သောကြောင့် ရဲဘော်သုံးကျိပ်ဝင်များအနေဖြင့် မြန်မာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့ဗြိတိသျှကို လက်နက်ကိုင် တိုက်ပွဲဝင်နိုင်ရန် တပ်မတော်တစ်ရပ်ဖွဲ့စည်းပြီး မြန်မာပြည်တွင်းသို့ ဂျပန်တပ်များနှင့် ရင်ပေါင်တန်း ချီတက်ဝင်ရောက်ကာ မြန်မာပြည်လွတ်လပ်ရေးကို ရယူရန်မှာ အဓိကဖြစ်ပေသည်။ ထို့ကြောင့် ၁၉၄၁ခု ဒီဇင်ဘာလ ၂၇ရက်နေ့တွင် ဗန်ကောက်မြို့ရှိ ဦးလွန်းဖေ၏နေအိမ်၌ ဗမာ့လွတ်လပ်ရေး တပ်မတော်အတွက် စုဆောင်းရရှိထားသော တပ်သားသစ်များနှင့်အတူ ရဲဘော်သုံးကျိပ်တို့သည် မြန်မာပြည်လွတ်လပ်ရေးအတွက် အသက်ပေးပြီး တိုက်ပွဲဝင်ကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။

ဤသို့ဖြင့် မြန်မာ့တပ်မတော် စတင်သန္ဓေတည် ပေါ်ပေါက်လာခဲ့သည်။ မြန်မာတိုင်းရင်းသားများသည် တပ်မတော်ရှိသော လူမျိုးဖြစ်လာ၍ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်၊ ဇာတိသွေးဇာတိမာန်သည် ကြီးမားလွန်းလှပါဘိ။

ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းပြီး မြန်မာပြည်တွင်းသို့ စစ်ကြောင်းများခွဲကာ ချီတက်ခဲ့သည်။

တပ်မတော်ဖြတ်သန်းရာ ဒေသအသီးသီးမှ မျိုးချစ်ပြည်သူများက ဝမ်းသာအားရ ကြိုဆိုခဲ့ကြသည်။ မိဘမောင်ဖွားများ တပ်မတော်ထဲသို့ ဝင်ရောက်မှုကို အားပေးချီးမြှောက်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အင်အား ၅၀၀၀၀ခန့် ကြီးထွားလာခဲ့သည်။ တပ်မတော်အင်အားကြီးထွားမှုကို မလိုလားသော ဖက်ဆစ်တို့ကြောင့် ၁၉၄၂ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းခဲ့ရသည်။

၁၉၄၂ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့၌ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ကို တပ်သား၃၀၀၀ဖြင့်သာ ဖွဲ့စည်းခဲ့ရသည်။

၁၉၄၄–၄၅ခုနှစ်၌ ဘီအိုင်အေတပ်မတော်သားများ မိမိရပ်ထံ မပြန်ကြဘဲ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားတပ်သားများ အဖြစ်ခံယူကာ ပြည်သူထဲမှာ တပ်ဖျောက်၍ နေခဲ့ကြသည်။ မိဘပြည်သူများနှင့် တစ်သားတည်း စပါးရိတ်၊ ဆန်ဖွတ်၊ မောင်းထောင်း၊ ထင်းခွဲ၊ ရေခပ်၊ ငါးရှာ၊ ကွန်ပစ်၊ ထန်းတက်ကြရင်း အချိန်ကို စောင့်ဆိုင်းနေခဲ့ကြသည်။ တပ်မတော်သည် မိဘပြည်သူများ၏ တစ်ခဲနက်အားပေးကူညီမှုဖြင့် ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဖက်ဆစ်ကိုတော်လှန် တိုက်ပွဲဝင်၍ အမျိုးသားအောင်ပွဲ ဆင်နိုင်ခဲ့ကြသည်။

တပ်မတော်နှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲနိုင်ခဲ့သည်။ တပ်မတော်နှင့် ပြည်သူတို့၏ ထက်မြက်သော ပူးပေါင်းဆောင်ရွက်မှုစွမ်းပကားဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့၌ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ နယ်ချဲ့လက်ပါးစေ သောင်းကျန်းသူအဖွဲ့ တစ်ဖွဲ့က ၁၉၄၈ခုနှစ် ဇန်နဝါရီလ၅ရက်နေ့တွင် အစိုးရကို စစ်ကြေညာခဲ့သည်။ ၁၉၄၉ခုနှစ်မှစ၍ ရောင်စုံသောင်းကျန်းသူများ ထောင်ထားခြားနား၍ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ မြန်မာတစ်ပြည်လုံး ဟသ်ာတတစ်မြို့သာကျန်ပြီး ထိုစဉ်က အုပ်ချုပ်သော ဖဆပလအစိုးရမှာ ခုနစ်မိုင် အစိုးရအဖြစ်သာ အာဏာတည်နေတော့သည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

တပ်မတော်သည် စည်းရုံးရင်းတိုက်၊ တိုက်ရင်းစည်းရုံးအဆင့်ဖြင့် ၁၉၄၉ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံကို ကယ်တင်ခဲ့ရသည်။

ဝက်ကော်တိုက်ပွဲ၊ အင်းစိန်တိုက်ပွဲ၊ စာဘူးတောင်းတိုက်ပွဲ၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင် စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေး၊ နဂါးနိုင်စစ်ဆင်ရေး စသည်တို့ကို စွမ်းစွမ်းတမံဆင်နွှဲရင်း မိမိထက် အင်အားများပြားသော ရန်သူများကို တိုက်ခိုက်နှိမ်နင်းခဲ့ရသည်။

ထိုစဉ်မှာပင် တိုင်းပြည်အုပ်ချုပ်သော ဖဆပလအစိုးရအဖွဲ့ နှစ်ခြမ်းကွဲ၍ ၁၉၅၈ခုနှစ်တွင် တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။

တပ်မတော်သည် သေနတ်ကိုင်လက်၊ ပေါက်တူးဖက်၍ ဇယ်ဆက်သလိုလုပ်အားပိုခဲ့သည်။ ၁၉၆၂ခုနှစ်၌ ပြည်ထောင်စုကြီးပြိုကွဲမည့်အရေး ဖြစ်ပေါ်လာခဲ့သဖြင့် တပ်မတော်က နိုင်ငံတော်ကြီးကို ကယ်တင်ခဲ့ရပြန်သည်။

မြစ်ဝကျွန်းပေါ်ဒေသမှ သောင်းကျန်းသူများကို ထော်ပိုင်၊ မိုးဟိန်း၊ သိလ္လာ၊ ရွှေလင်းယုန် စစ်ဆင်ရေးများဖြင့် ဖြတ်လေးဖြတ်စနစ်၊ တြိဂံပိတ်ဆို့ရေးစနစ်၊ တပ်မတော်နှင့်ပြည်သူ တစ်ခဲနက်ပူးပေါင်းသော ကာကွယ်ရေးစနစ်များဖြင့် ချေမှုန်းနိုင်ခဲ့သည်။

အောင်စိုးမိုးစစ်ဆင်ရေး(ပဲခူးရိုးမ)၊ ကွမ်းလုံ ရက်၄၀တိုက်ပွဲ၊ ခြူးရွှေ (ပန်ကောက်)၊ ၆၀၄၁တောင်ကုန်းတိုက်ပွဲ၊ စီစီဝမ်(တာပန်)၊ ပန်ဆိုင်း (ကြူကုတ်) စသောတိုက်ပွဲကြီးများကို တပ်မတော်က အောင်မြင်စွာ ဆင်နွှဲကာ ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်ခဲ့ရသည်။

**"အမျိုးအတွက် Road Map ကိုရေး
ပြည့်ရှေ့ရေးကို
ချပေးခဲ့ပြီးဖြစ်ပါသည်။
ချပြီး Road Map ခုနစ်ချက်တိုင်း
မပျက်မကွက်၊ ဆက်လက်လှုပ်ရှား
လုပ်ဟန်များကို၊ ထင်ရှားတွေ့မြင်
ပေါ်လွင်နေပြီဖြစ်ပါသည်။"**

(ဖိုးဝ)

၈–၁–၂၀၀၅ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်းသား၊ သင်တန်းသူများ လာရောက်တွေ့ဆုံ ဂါရဝပြုရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်၏ တာဝန်ကို မိမိတို့တစ်တွေ စတင်ယူခဲ့ရချိန်မှာ နိုင်ငံတော်၏ ပကတိအခြေအနေကို သုံးသပ်ကြည့်လိုက်သည့်အခါ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြန်လည်တည်ဆောက်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ရန် အရေးတကြီး လိုအပ်နေသကဲ့သို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည့် အခြေအနေရောက်နေသည် ဆိုသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လက်တွဲပြီး ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများကင်းရှင်းသည့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်စေရန် နိုင်ငံတော်၏သမိုင်းကြောင်း အခြေအနေများ၊ လက်ရှိပကတိအခြေအနေများနှင့် ကိုက်ညီသည့် အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေး ဦးတည်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် မှန်ကန်စွာသုံးသပ်ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် အစဉ်အမြဲမှန်ကန်နေသည့် ထာဝရသစ္စာတရားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးခဲ့ကြကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခများကိုလည်း ချုပ်ငြိမ်းစေခဲ့ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်း ပပျောက်ရေးနှင့်အတူ တိုင်းရင်းသား လူမျိုးများအားလုံး ဆက်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆတို့ပါ တစ်သားတည်း ဖြစ်လာကာ ပြည်ထောင်စုစိတ်ဓာတ်လည်း ပိုမိုထွန်းကားပြီး ခိုင်မာလာ စေမည်ဆိုသည့် ခံယူချက်ဖြင့် တစ်နိုင်ငံလုံးအဘက်ဘက်က ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း"

စသည်ဖြင့် တပ်မတော်၏ မွန်မြတ်သောစေတနာနှင့် လုပ်ဆောင်ချက်များကို သြဝါဒအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့်–

၁။ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရန် ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊**

၂။ **ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

၃။ **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊**

၄။ **အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး** တို့ကို တပ်မတော်နှင့်ပြည်သူ လက်တွဲလျက် အောင်မြင်စွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၁၉၄၄–၄၅ခုနှစ်၌ ဘီအိုင်အေတပ်မတော်သားများ မိမိရပ်ထံ မပြန်ကြဘဲ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားတပ်သားများအဖြစ် ခံယူကာ ပြည်သူထဲမှာ တပ်ဖျောက်၍ နေခဲ့ကြသည်။ မိဘပြည်သူများနှင့် တစ်သားတည်း စပါးရိတ်၊ ဆန်ဖွတ်၊မောင်းထောင်း၊ထင်းခွဲ၊ရေခပ်၊ ငါးရှာ၊ ကွန်ပစ်၊ ထန်းတက်ကြရင်း အချိန်ကို စောင့်ဆိုင်းနေခဲ့ကြသည်။ တပ်မတော်သည် မိဘပြည်သူများ၏ တစ်ခဲနက် အားပေးကူညီမှုဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဖက်ဆစ်ကိုတော်လှန်တိုက်ပွဲဝင်၍ အမျိုးသားအောင်ပွဲဆင်နိုင်ခဲ့ကြသည်။

ဆုချီးမြှင့်

မတ်၁၁ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၈)အခြေခံပညာ မူလတန်းကျောင်း ၂၀၀၄–၂၀၀၅ ခုပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် ဘက်စုံပထမဆုရ မပန်းအိဖုန်းမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။ (က–ပ)

ဖေဖော်ဝါရီ ၂၇ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဦးအောင်သူဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများက မြို့မဈေးအတွင်း မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကံဌေးနှင့် အမှုဆောင်အရာရှိ ဦးသန်းအေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(က–ပ)

25-3 (15).p65 1 3/27/05, 4:16 PM

ရွှေပြည်ဟိန်းကျောင်း ထေရဝါဒ ဓမ္မပူဇာ သီတဂူအထူးတရားပွဲ ဖိတ်ကြားလွှာ

မတ်လ (၂၇)ရက်ည	အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ပဋိပတ္တိမဟာဌာန ဌာနမှူး ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ (Ph.D)
မတ်လ (၂၈)ရက်ည	သီတဂူကြာတစ်ပွင့်အရှင်ခေမာသီရိလင်္ကာရ
မတ်လ (၂၉)ရက်ည	သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)
မတ်လ (၃၀)ရက်ည	အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အရှင်ကုမာရာဘိဝံသ (D.Litt)
မတ်လ (၃၁)ရက်ည	သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)
ညစဉ် (၇း၀၀)နာရီ စတင်ပါမည်။	ရွှေပြည်ဟိန်းကျောင်း ကျိုက္ကဆံစူပါဝမ်းအနီး တာမွေလေး သံလမ်းမှတ်တိုင် ဖုန်း-၅၄၁၄၉၃။

အလှူတော်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ပဋ္ဌမအကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲ အလှူတော် မင်္ဂလာအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်စီစဉ်ပေးသော တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူငွေပေးပို့ကြသော ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် တာမွေအထက၊အလက၊အမကကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား လည်းကောင်း၊ အလှူငွေနှင့် လိုအပ်သော မီးစက်တစ်လုံး ပေးပို့လှူဒါန်းခဲ့သော အဲရိုးကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းဦး-ဒေါ်ခင်ခင်လှမိသားစုနှင့် ရုံးဝန်ထမ်းများအား လည်းကောင်း၊ လင်းထွန်းသော် သက်န်းတိုက်နှင့် မြို့နယ်အသီးသီးမှ ပရိက္ခရာအလှူရှင်များအား လည်းကောင်း၊ ရှေးဦးပထမ မတည်ငွေအဖြစ် လှူဒါန်းခဲ့ကြသော ဦးကျော်သောင်း-ဒေါ်စမ်းစမ်းနွယ် (ရှိုင်းဟုပ်ကုမ္ပဏီ) မိသားစုအား လည်းကောင်း၊ ကျောင်းအုပ်ဆရာတော်အား သိက္ခာထပ်၍ ဧည့်ခံပစ္စည်းများ ဖြည့်တင်းလှူဒါန်းခဲ့သော (အကျင်းနှင့်ညီများ တာယာရောင်းဝယ်ရေး)မှ ဦးကျင်း-ဒေါ်ချောစုမြတ် မိသားစုအား လည်းကောင်း၊ ရှင်လောင်းလှည့်ရာတွင် ကူညီခဲ့ကြသော ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင် ရဲဘော်များနှင့် ယာဉ်ပိုင်ရှင်များအား လည်းကောင်း၊ ဝေယျာဝစ္စဆောင်ရွက်ခဲ့ကြသော ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့်အမျိုးသမီးရေးရာ အဖွဲ့ဝင်များအားလည်းကောင်း၊ သီရိဆွမ်းချက် အဖွဲ့ဝင်များနှင့် သီရိမေဝတ်အသင်းသူများအားလည်းကောင်း၊ တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်း ကျေးရွာမှ အလှူဆိုင်ရာ လုပ်အားရှင်များနှင့် တရားဓမ္မတေးများဖြင့် ဧည့်ခံရာတွင် ကူညီခဲ့ကြသော တာမွေပလာဇာဟိုင်ဖာစားသောက်ဆိုင် ပိုင်ရှင်ဦးမိုးငြိမ်း၊ ကန္တာရဝတီမောင်ချိုမင်းတေးဂီတ အဖွဲ့ဝင်များအား လည်းကောင်း၊ အလှူဌာနနှင့် အလှူရှင်တို့၏ သဒ္ဓါတရားကို ဆက်သွယ်-ယှက်နွယ်ပေးခဲ့ကြသော ပန်းသတင်း ဂျာနယ်အယ်ဒီတာအဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျောင်းအုပ်ဆရာတော်နှင့်
အကျိုးတော်ဆောင်များ
သီရိမင်္ဂလာဘုန်းတော်ကြီးသင်ကျောင်း
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။

သာစုကန် ခုနစ်ရက်ဒုလ္လဘစခန်း

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ ရွာဦးကျောင်းတိုက်တွင် ကျောက်ဆင်တောရမှ ပစ္စက္ကူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ၁၀-၄-၂၀၀၅ရက် (တနင်္ဂနွေနေ့)မှ ၁၇-၄-၂၀၀၅ရက်(နှစ်ဆန်းတစ်ရက်နေ့) အထိ ခုနစ်ရက်၊ဒုလ္လဘရဟန်းဝတ်ကြပါမည်။နေ့စဉ်ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းတော်များကို လိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားကို အချိန်ပြည့် အားထုတ်ရန် သန္နိဋ္ဌာန်ချထားသူ၊ ကျန်းမာရေးနှင့်ပြည့်စုံပြီး ဒုလ္လဘဝတ်နေစဉ် ကွမ်း၊ ဆေးလိပ်၊ အရက်တို့ကို လုံးဝဖြတ်ထားနိုင်သူများကို ဖိတ်ခေါ်ပါသည်။ လိုက်နာနိုင်သူများသည် ဦးမြင့်ကြွယ် ရုံးဖုန်း- ၂၅၂၄၁၇၊၂၅၄၁၇၃။ ဦးစိုးမြင့် အိမ်ဖုန်း- ၆၆၃၈၆၅တို့နှင့် ဆက်သွယ်ပြီး ဧပြီလ ၁၀ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီအရောက် သာစုကန်ကျောင်းတိုက်သို့ လာရောက်ကြပါ။ မှတ်တမ်းအလို့ငှာ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊လိုင်စင်ဓာတ်ပုံ နှစ်ပုံတို့ကို မပျက်မကွက်ယူဆောင်လာကြရန် ဖြစ်သည်။

သာစုကန် ဒုလ္လဘစခန်း ဖြစ်မြောက်ရေးအဖွဲ့(ယာယီ)။

အများသိစေရန် ကြေညာခြင်း

သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် မြို့မလမ်း အမှတ်(၃)နေ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်သီတာကျော် မှတ်ပုံတင်အမှတ် ၁၂/ကတန(နိုင်) ၀၀၇၀၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သီတာကျော်သည် ဦးနေလင်းထွန်း မှတ်ပုံတင်အမှတ်၁၂/ကတန(နိုင်)၀၀၀၃၇၉ကိုင်ဆောင်သူနှင့် ၁၉၉၇ခုနှစ်က မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီး မအောင်ကြင်းခိုင် အသက် (၅)နှစ်အား မွေးဖွားခဲ့ပါသည်။

ယနေ့အချိန်အထိကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်သီတာကျော်သည် ဦးနေလင်းထွန်း၏ တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြအေး၊ အထက်တန်းရှေ့နေ
လိုင်စင်အမှတ်-၁၈၇၃၂
အမှတ် ၁၂၊ ပြည်တော်သာလမ်း၊
မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။

မာရီစတုပ်စ်အင်တာနေရှင်နယ်မြန်မာ(ပဲခူးစင်တာ) စီမံချက်လုပ်ငန်းများ အသိပညာပေးရှင်းလင်း

ပဲခူး မတ် ၁၆

ပဲခူးမြို့ ဆရာဝန်အသင်းခန်းမတွင် ပဲခူးမြို့နယ်အတွင်း မာရီစတုပ်စ်အင်တာနေရှင်နယ်မြန်မာ(ပဲခူးစင်တာ)၏ ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများအား အသိပညာပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို မတ် ၁၀ရက် နံနက်၉နာရီက ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မျိုးဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မာရီစတုပ်စ်အင်တာနေရှင်နယ် မြန်မာမှ စီမံကိန်း ဒါရိုက်တာ ဒေါက်တာဒေါ်ခင်တာတာက ပဲခူးမြို့နယ်အတွင်း ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသော မြို့နယ်နှင့်ခရိုင်မှ ဧည့်သည်တော်များ တက်ရောက်ကြပြီး ယင်းဆေးခန်းတည်ရှိရာ ပဲခူးမြို့ဆေးရုံဟောင်းလမ်းတွင် ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးဝင်းနှင့် စီမံကိန်း ဒါရိုက်တာ ဒေါက်တာခင်တာတာတို့က ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကလေးမြို့နယ် ငါးဖားရွာတွင် ကျေးလက်စက်ရေတွင်းဖွင့်

ကလေး မတ် ၂

ကလေးမြို့နယ် ငါးဖားကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ကိုတို့က စက်ရေတွင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂၁၉၀၀ဖြင့် တူးဖော်ဆောင်ရွက်ကြသဖြင့် ငါးဖားရွာတွင် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံပြည့်စုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆွမ်းဆန်နှင့် ဆီများ ဘိုကလေးမြို့၌ ဆက်ကပ်လှူဒါန်း

ဘိုကလေး မတ် ၁၅

ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့်ဇနီး ဒေါ်မြမြတို့က လှူဒါန်းသော ဆွမ်းဆန်တော်နှင့် စားသုံးဆီများဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၉ရက်က ဘိုကလေးမြို့ ကံဦးကျောင်းတိုက်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့၏ကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ကံဦးကျောင်းတိုက်ရှိ သီလရှင် ဆရာကြီးများအား ဆွမ်းဆန်တော်နှင့်စားသုံးဆီများကို ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မတ်၁၂ရက်က စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများစုပေါင်း၍ မြို့တော်ခန်းမရှေ့ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေး တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

မြေသားလမ်းပြုပြင်

တောင်ကုတ်မြို့နယ် ရွာမနှင့် မိုးရွာသစ်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းရန်အတွက် မြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ၂၄ရက်က မြို့နယ်ဥက္ကဋ္ဌဦးစောအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးလှိုင်အေးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မဘိမ်းမြို့နယ် စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲကျင်းပ

မဘိမ်း မတ် ၄

မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် စာအုပ်များလှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကား ပြောကြားပြီး စာအုပ်အလှူရှင်များက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၁၈၈အုပ်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆွတ်မန်းက လက်ခံရယူကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်တွေ့သရုပ်ပြ

မလှိုင်မြို့ မြို့မ စည်ပင်သာယာဈေးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မြို့မဈေးကြီးအတွင်း၌ ကျင်းပရာ သင်တန်းဆင်း မီးသတ်ရဲဘော်များက မီးငြိမ်းသတ်နည်းဖြင့် မီးသတ်စွမ်းရည်ပြပွဲကို လက်တွေ့ သရုပ်ပြသကြစဉ်။

(၄၁၉)

မြန်မာ့အလင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ကြိုဆို

❒ တပ်မတော်ဟာ ပြည်သူတွေရဲ့ရှေ့က မားမားမတ်မတ် ရပ်တည်ပြီး အချိန်မီကယ်တင်နိုင်ခဲ့။

လှထွဋ်ဦး၏ကာတွန်း (စာ-၁၁)

❒ မျိုးဂုဏ်မြင့်တဲ့ တပ်မတော်။

မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ-၁၁)

❒ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည် ဟူသော ခံယူချက်ဖြင့် ပြည်သူကြားမှ ပေါက်ဖွားလာသော ပြည်သူ့ တပ်မတော်သည် အင်အားတောင့်တင်းသော တပ်မတော် အဖြစ် ပြည်သူများအတွက် အစဉ်အမြဲ ရှေ့တန်းတွင် ရပ်တည် နေပေသည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ-၈၊ ၉)

ဆက်ကပ် လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး မြန်မာနိုင်ငံတွင် ဂုဏ်ရှိန်မပျက် ဆက်လက်သန့်ရှင်းတည်တံ့ပြန့်ပွားရေး နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများက ပစ္စယာနုဂ္ဂဟဖြင့် အထောက်အကူပြုလှူဒါန်းပူဇော်လျက်ရှိ

✡ ရှေ့ဖုံးမှ

(၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်) လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသူများ၏ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ဘွဲ့တံဆိပ်တော်အပ်နှင်း

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့တက်ရောက်ကြည်ညိုကြကာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။ **စာမျက်နှာ ၃ ကော်လံ ၄** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ အတွင်း၌ကျင်းပစဉ်။ (သတင်းစဉ်)